ကြေးမှုံ
The Mirror

၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်၊ ကြာသပတေးနေ့၊ (2-12-2010) (၆၆၀၀)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၂

၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် (၃၅)နှစ်မြောက် နှစ်ပတ်လည်အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၂

၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် (၃၅)နှစ်မြောက် နှစ်ပတ်လည်အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၂

၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် (၃၅)နှစ်မြောက် နှစ်ပတ်လည်အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့အခမ်းအနားများ နေပြည်တော်၊ ပျဉ်းမနားနှင့် လယ်ဝေးမြို့နယ်တို့၌ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁

ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေး၊ အမျိုးသားပညာရည်မြင့်မားရေး၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးဟူသည့် ဦးတည်ချက်များနှင့်အညီ ၂၀၁၀ ခုနှစ် (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်၊ ပျဉ်းမနားနှင့် လယ်ဝေးမြို့နယ်တို့၌ ကျင်းပသည်။

ဂုဏ်ပြုသီဆို

(၉၀) ပြည့် နှစ် မြောက် အမျိုးသားနေ့ အခမ်းအနားကို နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက ပြည်မြန်မာသီချင်းကို ဂုဏ်ပြုသီဆိုကြစဉ်။ (သတင်းစဉ်)

အဆိုပါအခမ်းအနားများသို့ (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ အမျိုးသားနေ့ ကျင်းပရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း၊ အမျိုးသားနေ့ ကျင်းပရေးဗဟိုကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ အမျိုးသားနေ့ ကျင်းပရေး ဗဟိုကော်မတီ အတွင်းရေးမှူး ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နံနက် ၈ နာရီတွင် နေပြည်တော်ခရိုင် ပျဉ်းမနားမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း **စာမျက်နှာ ၇ကော်လံ ၁သို့ ***

ကြေးမုံ The Mirror
၂-၁၂-၂၀၁၀
(ကြာသပတေးနေ့)

နိုင်ငံတော်သစ် တွဲလက်ညီညီ ရှေ့သို့ချီ

မြန်မာတို့၏ ဇာတိသွေး ဇာတိမာန် တက်ကြွရှင်သန်နိုးကြားစေခဲ့သည့် အမျိုးသားနေ့၏ ဂုဏ်ဒြပ်သည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းတွင် ထာဝစဉ် မော်ကွန်းတင်လျက်ရှိသည်။ အမျိုးသားနေ့ မီးရှူးတန်ဆောင် ပေါ်ထွန်းခဲ့သည်မှာ နှစ်ပေါင်း (၉၀)ပြည့်မြောက်ခဲ့ပေပြီ။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာတွင် **"နိုင်ငံတော်သစ် တည်ဆောက်ရေးတာဝန်ကြီးကို အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲ၍ အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်နိုင်ခဲ့ခြင်းသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် ဂုဏ်ယူထိုက်သော သမိုင်းမှတ်တိုင်ကြီးဖြစ်ပေသည်။ ယခုအခါတွင် နိုင်ငံတော်အာဏာကို ပြည်သူ့ထံသို့ ပြန်လည်အပ်နှင်းရေးအတွက် ကျန်ရှိနေသေးသော လုပ်ငန်းစဉ်နှစ်ရပ်ကို ဖော်ဆောင်ရန် ပြင်ဆင်လျက်ရှိပေသည်"** ဟူ၍ ဖော်ပြပါရှိသည်။

မြန်မာနိုင်ငံသည် ပြည်ထောင်စုဖွား တိုင်းရင်းသားများ စုစည်းနေထိုင်လျက်ရှိသည့် နိုင်ငံဖြစ်သည်။ ရှေးဘိုးဘေး အစဉ်အဆက်မှစ၍ တစ်မြေတည်းနေ တစ်ရေတည်းသောက် ဥမကွဲ သိုက်မပျက် နေထိုင်လာခဲ့ကြသည်မှာ ယနေ့ကာလအထိ ဖြစ်သည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့သည် အမျိုး၊ ဘာသာ၊ သာသနာကို ချစ်မြတ်နိုးပြီး ဇာတိမာန်ထက်သန်ကြသူများ ဖြစ်သည်။ ကိုယ်ထူးကိုယ်ချွန် ရပ်တည်နိုင်စွမ်းရှိကြသူများလည်းဖြစ်သည်။

တိုင်းရင်းသားအားလုံး၏ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားရေးအားမာန်တို့ဖြင့် ဆုံးရှုံးသွားခဲ့သော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့သည်။ စည်းလုံးညီညွတ်မှု စွမ်းအားဖြင့် နိုင်ငံတော်ကို ဆက်လက်ကာကွယ်ထိန်းသိမ်းနိုင်လျက်ရှိသည်။ တိုင်းရင်းသားများ ပေါင်းစည်းနေထိုင်ရာ ပြည်ထောင်စုတစ်ဝန်းလုံး ငြိမ်းချမ်းသာယာဖွံ့ဖြိုးလာစေရေး ကြိုးပမ်းလျက်ရှိသည်။

နိုင်ငံလွတ်လပ်ရေးရရှိပြီးဖြစ်ပေါ်ခဲ့သော ဖြစ်စဉ်များအရ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးသည် သမိုင်းကပေးသော အမျိုးသားရေးတာဝန်ဖြစ်သည်။ ယခုအခါ အမျိုးသားရေး မူဝါဒနှင့်အညီ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်လျက်ရှိသည်။

နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းသည် နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သည်။ နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ မှန်ကန်သည့် အသိတရား၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်တို့ဖြင့် ပြည်ထောင်စုကြီး ဖွံ့ဖြိုးအောင်ဝိုင်းဝန်း ကြိုးပမ်းကြရပေမည်။ တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် ညီညွတ်မျှတသည့် လူဘောင်အဖွဲ့အစည်းကို တည်ထောင်နိုင်ခဲ့ကြပြီ။ စည်းလုံးညီညွတ်မှု အစဉ်အလာကောင်း၊ ရရှိဖြစ်ထွန်းနေသည့် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်မှုတို့၏ အခြေခံကောင်းများနှင့် အတူ နိုင်ငံတော်သစ်တည်ဆောက်ရေး ရှေ့ခရီးလမ်းကို လက်တွဲညီညီ ဆက်လက်လျှောက်လှမ်းသွားကြရမည် ဖြစ်ပါသည်။ ။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးကျော်လွင် ခေါင်းဆောင်၍ ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (ယာဉ်ထိန်း)နှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းပါဝင်သောအဖွဲ့ နိုဝင်ဘာ ၂၆ ရက်က အဝေးပြေးယာဉ်ရပ်နားစခန်းမှ တာချီလိတ်မြို့နှင့် တောင်ကြီးမြို့များသို့ ထွက်ခွာမည့် ယာဉ်များအား ကွင်းဆင်းစစ်ဆေးစဉ်။

(ပြည်နယ် ကညန)

ပြည်သူ့ သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှု သင်တန်းဖွင့်

ရန်ကုန် ဒီဇင်ဘာ ၁

အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁၉) သင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၉ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ကေတုမတီခန်းမ၌ ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် ဦးလှမြင့်ဦးက သင်တန်းဖွင့် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ သင်တန်းသို့ ဝန်ကြီးဌာနအသီးသီးရှိ ဦးစီးဌာနနှင့်လုပ်ငန်းတို့မှ ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်ရှိ အရာထမ်းသင်တန်းသား ၆၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ ဥပဒေများ သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဂျီနီဗာမြို့ ကုလသမဂ္ဂလေ့ကျင့်ရေးနှင့် သုတေသနဌာန (ယူနီတာ) တို့ ပူးပေါင်းဖွင့်လှစ်သည့် အစိုးရအရာထမ်းများအတွက် အပြည်ပြည်ဆိုင်ရာဥပဒေများ သင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၉ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Summit Parkview Hotel ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝေက အဖွင့်အမှာစကားပြောကြားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝေ အပြည်ပြည်ဆိုင်ရာဥပဒေများ သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ထို့နောက် ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး ဦးမောင်ဝေက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr. Bishow B.Parajuli နှင့် Total E&P Myanmar အထွေထွေမန်နေဂျာ Mr. Nicolas Terraz တို့က အမှာစကား ပြောကြားကြသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂလေ့ကျင့်ရေးနှင့် သုတေသနဌာနမှ ကိုယ်စားလှယ် Ms. Anastasia Outkine က မြန်မာနိုင်ငံမှ အရာထမ်းများအတွက် သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ယူနီတာမှ နည်းပြပါမောက္ခများနှင့် ဝန်ကြီးဌာနများမှ သင်တန်းသား၊ သင်တန်းသူ အရာထမ်း ၆၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

အမက(၁) ဗဟိုအင်းစိန်၏ ၂၀၀၉ - ၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၇ ရက်က ကျင်းပရာ ကျောင်းမိသားစုအဆင့် ထူးချွန်ဆုပြိုင်ပွဲတွင် ပထမဆုရရှိသော စတုတ္ထတန်းမှ မချစ်စုပိုပိုအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းနွယ် ဆုချီးမြှင့်စဉ်။

(ပညာရေး)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြောပွဲ နေပြည်တော်ခရိုင် ဥတ္တရသီရိမြို့နယ်၌ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁

နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကြီးမှူး၍ နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့သည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၅ ရက် ည ၈ နာရီခွဲတွင် နေပြည်တော်ခရိုင် ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက် အမှတ်(၁၂၄) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးတပ်ခွဲ(၁) ရဲအုပ်စိုးမြင့်ဦးက ယာဉ်မောင်းလိုင်စင်ရယူပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ နားလည်ကြ၍ ကျွမ်းကျင်မှုရှိမှသာ မော်တော်ဆိုင်ကယ်စီးခြင်း၊ မော်တော်ယာဉ်နှင့် ထော်လာဂျီများ မောင်းနှင်ခြင်းတို့ကို ဆောင်ရွက်သင့်ကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိကြစေရန် ပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ LCD Board, LED Board များဖြင့် အသိပေးဆောင်ရွက်ခဲ့သော်လည်း ကိုယ်စီအသိစိတ်ဖြင့် လိုက်နာမှုမရှိကြ၍ ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ နိုဝင်ဘာ ၂၀ ရက်ထိ ယာဉ်တိုက်မှု ၂၉၁ မှုတွင် ၅၁၄ ဦးဒဏ်ရာရရှိပြီး ၁၅၈ ဦးသေဆုံးခဲ့သဖြင့် လမ်းအသုံးပြုသူတိုင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာကြစေရန် ဟောပြောဆွေးနွေး၍ ယာဉ်တိုက်မှုသာဓက ဖြစ်စဉ်များ၊ ပညာပေးဇာတ်လမ်းတိုများကို ရှင်းပြပြီး ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

သာကေတ အထက(၂) မြတ်ဆရာပူဇော်ပွဲ ကျင်းပရေး ညှိနှိုင်းစည်းဝေးမည်

ရန်ကုန် ဒီဇင်ဘာ ၁

သာကေတမြို့နယ် အထက(၂) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပနိုင်ရန်အတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၅ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ အစည်းအဝေးသို့ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပါရန်နှင့် အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများအတွက် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ထည့်ဝင်လှူဒါန်းလိုပါက ဦးသန်းထွန်း-ဒေါ်မာတင် ဖုန်း-၅၄၂၆၇၂၊ ၀၉-၄၉၂၈၅၄၈၅၊ ဦးဝင်းကြည်(ဖေသောရီ) ဖုန်း-၅၅၄၃၃၂၊ ဒေါက်တာသန်းဝင်းညွန့် ဖုန်း-၀၉-၅၁၅၉၃၆၀၊ ဒုတိယဗိုလ်မှူးကြီး သိန်းဝင်းညွန့် ဖုန်း-၀၉-၄၉၂၉၇၅၃၁၊ ဒေါက်တာသောင်းဝင်း ဖုန်း-၀၉-၅၁၉၁၆၄၁ နှင့် ဦးဝင်းရွှေ ဖုန်း-၀၁-၇၃၀၁၁၂၆၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သိရသည်။

(ကြေးမုံ)

ပထမအကြိမ် နေပြည်တော်-မန္တလေး-နေပြည်တော် မိုင် ၃၉၀ ခရီးရှည် အမျိုးသား၊ အမျိုးသမီး စက်ဘီးပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ကြည့်ရှုအားပေး

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး ပထမအကြိမ် နေပြည်တော်-မန္တလေး-နေပြည်တော် မိုင် ၃၉၀ ခရီးရှည် အမျိုးသား၊ အမျိုးသမီး စက်ဘီးပြိုင်ပွဲ နောက်ဆုံးနေ့ ဗိုလ်လုပွဲကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၁

ပထမအကြိမ် နေပြည်တော်-မန္တလေး-နေပြည်တော် မိုင် ၃၉၀ ခရီးရှည် အမျိုးသားပြိုင်ပွဲ နောက်ဆုံးနေ့ (မိတ္ထီလာ-နေပြည်တော်လမ်းပိုင်း)ပွဲစဉ်ကို နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် မိတ္ထီလာမြို့နှင့် အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးနေ့ (တပ်ကုန်း-နေပြည်တော်လမ်းပိုင်း) ပွဲစဉ်ကို နေပြည်တော်ခရိုင် တပ်ကုန်းမြို့တို့၌ စတင်ကျင်းပရာ တာဝန်ရှိသူတို့က သေနတ်ပစ်ဟောက်၍ တာလွှတ်ပေးကြသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ တပ်ကုန်း - နေပြည်တော်လမ်းပိုင်း အမျိုးသမီးပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများ၊ မိတ္ထီလာ-နေပြည်တော် လမ်းပိုင်း အမျိုးသားပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများ၊ အမျိုးသမီးပွဲစဉ်တစ်လျှောက် နှစ်သိမ့်ဆုရရှိကြသူများ၊ အမျိုးသမီး ပွဲစဉ် တစ်လျှောက် အမှတ်စဉ် (၇)မှ (၉)အထိ ဆုရရှိကြသူများနှင့် အမျိုးသမီးပွဲစဉ် တစ်လျှောက် အမှတ်စဉ်(၄)မှ (၆)အထိ ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆုများချီးမြှင့်

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးနန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက အမျိုးသမီးပွဲစဉ်တစ်လျှောက် ပထမဆု ရရှိသူအား တစ်ဦးချင်းဆုတဆိပ်၊ ငွေသားဆုနှင့် စက်ဘီးစီးအဝါရောင်ဂျာစီအကျီကို လည်းကောင်း၊ ဒုတိယဆုရရှိသူအား တစ်ဦးချင်းဆုတဆိပ်နှင့် ငွေသားဆုကို လည်းကောင်း၊ တတိယဆု ရရှိသူအား တစ်ဦးချင်းဆုတဆိပ်နှင့် ငွေသားဆုကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌက အမျိုးသားပွဲစဉ်တစ်လျှောက် စတုတ္ထမှ ဒသမအထိ ဆုရရှိကြသူများအား တစ်ဦးချင်းဆုတဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေးက အမျိုးသားပွဲစဉ်တစ်လျှောက် ပထမဆုရရှိသူအား တစ်ဦးချင်းဆုတဆိပ်၊ ငွေသားဆုနှင့် စက်ဘီးစီးအဝါရောင်ဂျာစီ အင်္ကျီကို လည်းကောင်း၊ ဒုတိယဆု ရရှိသူအား တစ်ဦးချင်းဆုတဆိပ်နှင့် ငွေသားဆုကို လည်းကောင်း၊ တတိယဆု ရရှိသူအား တစ်ဦးချင်းဆုတဆိပ်နှင့် ငွေသားဆုကို လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ် အတွဲ(၇)၊ အမှတ်(၂၃) ထွက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၁

ဒို့ကျေးရွာဂျာနယ် အတွဲ(၇)၊ အမှတ်(၂၃)ကို ဒီဇင်ဘာ ၁ ရက်တွင် ထုတ်ဝေမည်ဖြစ်သည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို ထိန်းပေးသော ရေကျောက်ခက် ဒီဝမြေပြေဇ၊ ခွေပပါအတွက်တိုးရေး စိုက်ခိုန်မှန်ကို ရွေး၊ သီးနှံတို့၏ သဘောသဘာဝ၊ နည်းစနစ်ကောင်းလျှင် မတ်ပဲအတွက်ကောင်းမည်၊ ဆောင်းသီးနှံအတွက်တိုးစေဖို့ စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ အကျိုးအမြတ်ရရှိင်သည့် ဒေသကြက်မွေးမြူနည်း၊ တစ်နိုင်တစ်ပိုင် ကိုသံဒိုင်ကျွဲ၊ ဇွားအတွက် ဆီးဖြူရွက်စသည့် မွေးမြူရေးဆောင်းပါးများ၊ အသုံးဝင်ဆေးတစ်လက် ရှားစောင်းလက်ပပ်၊ ကျန်းမာလိုလျှင် ရေများများသောက်ပါ၊ ကျန်းမာရေးအတွက်ကောင်း ကောက်ညင်းချိပ်ပေါင်း၊ လက်တွဲတိုက်ဖျက် အေအိုင်ဒီအက်စ်၊ မသန်သော်လည်း စွမ်းပါသည် စသည့် ကျန်းမာရေးဆောင်းပါးများ၊ မျိုးချစ်စိတ်ဖြင့် နိုင်ငံသစ်ကို ခိုင်မြဲလက်တွဲတည်ဆောက်မည်၊ အစဉ်အလာ မယျက်ကျင်းပသည့် ချင်းဒိုးရာ ခွာဒို့တော်၊ အလင်းအိမ်စာကြည့်တိုက်၊ စိမ်းသည့်မြေ ရေး၊ လမ်ပိုင်းစသည့် အသိပညာ ပေးသုတ၊ ရသဆောင်းပါးများ၊ ယနေ့ နိုင်ငံရေးအခြေအနေနှင့် ပတ်သက်၍ ဒီမိုကရေစီနှင့် စည်းကမ်း(၂) နိုင်ငံရေးဆောင်းပါး၊ ကိုလံဘီယာနိုင်ငံအကြောင်း သိကောင်းစရာ၊ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သော မြန်မာနိုင်ငံ၏ ရွှေးကောက်ပွဲကြီးကို အာဆီယံနှင့် တရုတ်က ဂုဏ်ပြုကြိုဆို၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု လျှော့ချရေး အထောက်အကူပြု နည်းလမ်းသစ် ရှာဖွေတွေ့ရှိ စသည့် နိုင်ငံတကာသတင်းဆောင်းပါးများ၊ အားကစားသတင်းများနှင့် အနုပညာကို ချစ်တယ်၊ တန်ဖိုး ထားတယ်ဆိုတဲ့ ဓော်ဒယ်သရုပ်ဆောင် ရွှေစင်နှင့် တွေ့ဆုံခြင်း စသည့် အနုပညာသတင်းများ၊ မည်သို့ပင်ဖြစ်ပါစေ ဝတ္ထုတိုတို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ဗေဒင်၊ မြန်မာဒီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ်-၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၄ တို့သို့ ဆက်သွယ်နိုင်ပြီး ဘဏ်စာရင်းအမှတ် မြန်မာ့စီးပွားရေးဘဏ် ငွေစုဘဏ်ခွဲ(၃) Current account CF 000056 တို့သို့ တိုက်ရိုက်ပေးသွင်း လျှာဒါန်းနိုင်ကြောင်းသိရသည်။

(ကြေးမုံ)

ရန်ကုန်စီးပွားရေးတက္ကသိုလ် (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁

မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း (MIEGA) မှ ကြီးမှူး၍ ရန်ကုန်စီးပွားရေးတက္ကသိုလ် (၄၆)နှစ်မြောက် တည်ထောင်သောနေ့ အထိမ်းအမှတ် (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် အခန်း(၁၀) နီလာရတုခန်းမ၌ ကျင်းပမည်ဖြစ်ရာ အလျှုဒွေနှင့် ပစ္စည်းများလျှဒါန်းလိုပါက ဦးတင်ဝင်းအောင်(၃ဝ၄၄)၊ ဖုန်း-၀၉-၅၀၅ စာ၁၃၊ ဦးရဲမြင့်(ဒုတိယဥက္ကဋ္ဌ)ဖုန်း-၂၄၆၆၃၄၊ ဦးကြည်လွင်(ဒုတိယဥက္ကဋ္ဌ)ဖုန်း-၂၀၄ ၀၂၁၊ ဒေါ်ခင်စိုးအောင် (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၇၀၁၁၉၆၊ ဒေါ်ကြူကြူဝင်း (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၀၉-၅၁၃၃၉၇၀၊ ဦးတင်လှိုင် (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၆၅၁၄၀၀၊ ဒေါ်ကြိုင်ကြိုင်ထွန်း (တွဲဖက်ဘဏ္ဍာရေးမှူး) ဖုန်း-၇၀၆၉၃၀၊ ဒေါ်နန့်မေစန်း (အကျိုးဆောင်-စာရင်းစစ်) ဖုန်း-၃၇၇၂၂၉၀နှင့် ဒေါ်သန်းသန်းဝင်း (ဗဟိုအလုပ်အမှုဆောင်) ဖုန်း-၀၉-၅၀၀၆၉၂၈ တို့သို့ ဆက်သွယ်နိုင်ပြီး ဘဏ်စာရင်းအမှတ် မြန်မာ့စီးပွားရေးဘဏ် ငွေစုဘဏ်ခွဲ(၃) Current account CF 000056 တို့သို့ တိုက်ရိုက်ပေးသွင်း လျှာဒါန်းနိုင်ကြောင်းသိရသည်။

(ကြေးမုံ)

ပျူခေတ်လက်ရာ ဒင်္ဂါးပြားများနှင့် ကုန်းဘောင်ခေတ်လက်ရာ ကြေးထည်ပစ္စည်းများ အပ်နှံမှုအတွက် ဆုကြေးငွေနှင့် ဂုဏ်ပြုလက်မှတ် ပေးအပ်ချီးမြှင့်

ပျူခေတ်ဒင်္ဂါး ပြားများကို တွေ့ရစဉ်။

(သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၁

မကွေးတိုင်းဒေသကြီး မင်းဘူးစကုမ္ပဏီ နယ် ကိုင်းတောကြီးကျေးရွာနေ ဦးစံသူက ပျူခေတ်ငွေဒင်္ဂါး ၁၅ ပြားကို လည်းကောင်း၊ စေတုတ္တရာမြို့နယ် ငါးမကျေးရွာနေ ဦးဝင်းနိုင်က ကုန်းဘောင်ခေတ်လက်ရာ ကြေးလင်ပန်း တစ်ခု၊ ကြေးကလပ်ပန်းပြောက်ပါ တစ်ခု၊ အရုပ်ပုံပါကြေးဖလား တစ်ခု၊ ကြေးဖလားပြောင် တစ်ခု၊ အဆန်ပါကြေခေါင်းလောင်း တစ်ခု၊ အဆန်ပါကြေးခေါင်းလောင်းငယ် တစ်ခုနှင့် ဆွဲကြိုးတစ်ကုံးတို့ကို လည်းကောင်း နိုင်ငံတော်သို့ အပ်နှံမှုအတွက် ဆုကြေးငွေများနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ပွဲကို မကွေးမြို့ရှိ ရွှေဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (မကွေးဌာနခွဲ)၌ ကျင်းပရာ ရွှေဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (မကွေးဌာနခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စိန်စိန်မြင့်က ရွှေဟောင်းပစ္စည်းများ အပ်နှံမှုအတွက် ဆုချီးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပျူခေတ်ငွေဒင်္ဂါး ၁၅ ပြား အပ်နှံသော ဦးစံသူအား ဆုကြေးငွေကျပ် ၁၃၈၀၀၀နှင့် ဂုဏ်ပြုလက်မှတ်ကို လည်းကောင်း၊ ကုန်းဘောင်ခေတ်လက်ရာ ကြေးထည်ပစ္စည်းများအပ်နှံသော ဦးဝင်းနိုင်အား ဆုကြေးငွေကျပ် ၈၂၆၅၀ နှင့် ဂုဏ်ပြုလက်မှတ်ကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။**(ယာယုံ)**

ယင်ကျေးမူဝန်ကြီးဌာန ရွှေဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံအနှံ့မှ တွေ့ရှိသည့် ယင်ကျေးမူအမွေအနှစ်ပစ္စည်းများကို တာဝန်သိသိဖြင့် လာရောက်အပ်နှံပါက အဆိုပါပစ္စည်း၏ ကာလတန်ဖိုးအပြင် ရွှေဟောင်းပစ္စည်းတန်ဖိုး၊ ရွှေဟောင်းလက်ရာ တန်ဖိုး၊ ခေတ်ကာလတန်ဖိုးများကိုပါ ထပ်ဆောင်းလျက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ယဉ်ကျေးမှုတန်ဖိုး မြင့်မားသော ရွှေဟောင်းပစ္စည်းများကို စုဆောင်းထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

မကျီးတန်း အမက အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် မကျီးတန်း အမကကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သင်္ကွမ အကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဦးတင်မြင့် ဖုန်း-၀၁-၂၆၅၅၂၂၆၊ ဦးစန်းရွှေ ဖုန်း-၀၁-၂၆၅၁၆စနှင့် ဦးကျော်စိုးအောင် ဖုန်း-၀၁-၂၆၅၁၂၆ တို့သို့ ဆက်သွယ်လျှာဒါန်းနိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

အင်းစိန် အထက(၁) မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁

အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အင်းစိန် (ယခင်အစိုးရတန်းမြင့် ကျောင်း၊ အင်းစိန်) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ နှစ်နှစ်လျှင် တစ်ကြိမ် ပြုလုပ်သည့် မြတ်ဆရာပူဇော်ပွဲကို အစဉ်အလာမယျက် ဒီဇင်ဘာ ၁၂ရက်တွင် အင်းစိန် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပမည်ဖြစ်သည်။ မြတ်ဆရာများအား ပူဇော်ကန်တော့ပွဲနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံသို့ မယျက်မကွက် ကြရောက်ကြပါရန်နှင့် အကြံပြုချက်များနှင့် အလျှုဒွေများ ထည့်ဝင်ရန်အတွက် ဦးမြတ်နိုင် ဖုန်း-၇၃၀၇၂၅၅၅၇၊ ဒေါက်တာနိုင်ဝင်း ဖုန်း-၀၉-၅၁ ၇၄၇၇၊ ဦးတင့်စိန်ဖူး ဖုန်း-၇၃၀၂၀၅ စ၂၉၊ ဦးကျော်လွင် ဖုန်း-၂၄၉၆၉၆၊ ဦးတင့်လွင် ဖုန်း-၀၉-၅၁၀၃၄ဝ၄၊ ဦးစောပြည်သိမ်း ဖုန်း-၆၄၃၇၆၀၊ ဦးစိုးနိုင်မြင့် (သီရိစန္ဒာ) ဖုန်း-၀၉-၅၄ဝ၇၂၀၊ ဒေါ်ခင်လှသိန်း ဖုန်း-၇၃ဝ၆ဝ၁၆၉နှင့် ဒေါ်ခင်စန်းမူ ဖုန်း-၇၃ဝ၉၄၆ ၂၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီမှ နှိုးဆော်ထားကြောင်းသိရသည်။

(ကြေးမုံ)

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ကမ္ဘာကျော် စပိန်ပန်းချီဆရာကြီး ပတ်ဘလိုပီကာဆို၏ ကုဗပန်းချီလက်ရာ ကြေးမုံရှေ့မှ မိန်းမပျို ပန်းချီကား။

နှစ်ပေါင်း ၄၀ နီးပါး တိမ်မြုပ်ခဲ့သော စပိန်ပန်းချီဆရာကြီး ပီကာဆို၏ ပန်းချီလက်ရာများ ပြန်လည်တွေ့ရှိ

ပါရီ ဒီဇင်ဘာ ၁

ကမ္ဘာကျော် စပိန်ပန်းချီဆရာ ပတ်ဘလိုပီကာဆို၏ အနုပညာဖန်တီးနိုင်မှုစွမ်းအား အမြင့်ဆုံးအချိန်တွင် ရေးဆွဲခဲ့သော ပန်းချီလက်ရာပေါင်းများစွာကို ထည့်သွင်းထားသည့် သေတ္တာတစ်လုံးအား အငြိမ်းစား ပြင်သစ်လျှပ်စစ်ပညာရှင်တစ်ဦး၏ နေအိမ်၌ ရှာဖွေတွေ့ရှိခဲ့ကြောင်း နိုဝင်ဘာ ၃၀ရက် သတင်းများတွင် ဖော်ပြသည်။

၂၇၁ မျိုးပါဝင်

ယင်းသို့ ရှာဖွေတွေ့ရှိခဲ့သော ပီကာဆို၏ လက်ရာများတွင် ပန်းချီကားများ၊ ကောက်ကြောင်းပုံများနှင့် ထွင်းပန်းချီများပါဝင်ပြီး အရေအတွက်အားဖြင့် ၂၇၁ မျိုးပါဝင်ကြောင်း သိရသည်။

ပီကာဆို၏ အနုပညာသည်ဘဝ လက်ရာမွန်များ အဖန်တီးနိုင်ဆုံးကာလဖြစ်သော ၁၉၀၀ ပြည့်နှစ် အစောပိုင်း၌ ရေးဆွဲခဲ့သော လက်ရာများဖြစ်ပြီး ယင်းလက်ရာများကို ကမ္ဘာကသိရှိခြင်းမရှိသေးပေ။

ရှာဖွေတွေ့ရှိခဲ့သော လက်ရာသစ်များထဲ၌ အနည်းဆုံးပေါင်စတာလင် သန်း ၄၀တန်ဖိုးရှိသည့် ကုဗပန်းချီကား ကိုးချပ်၊ ပီကာဆို၏ နာမည်ကျော် အပြာရောင်ခေတ်လက်ရာကား တစ်ချပ်၊ ၎င်းရေးဆွဲခဲ့သော အထင်ရှားဆုံး လက်ရာများ၏ အကြမ်းထည်များ၊ နမူနာပုံစံများနှင့် ၎င်း၏ ပထမဇနီး ရှရှား ဘဲလေးကချေသည် အော်လ်ဂါခိုစ်လိုဗာ၏ ပုံတူကားတစ်ချပ်တို့ပါဝင်သည်။

စုံစမ်းလျက်ရှိ

အဆိုပါ ပီကာဆို၏ အနုပညာလက်ရာများကို လွန်ခဲ့သည့် သုံးလက ပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ပြင်သစ်အနုဗေဒပညာရှင်များက အနုစိတ်လေ့လာလျက်ရှိပြီး ရဲတပ်ဖွဲ့ကလည်း ယင်းလက်ရာများ အဘယ့်ကြောင့် နှစ်ပေါင်း ၄၀ နီးပါးမျှ ပျောက်ဆုံးနေသည်ကို စုံစမ်းလျက်ရှိသည်။

ယခုနှစ် စက်တင်ဘာလက ပီရီလီဂူးနက်ဆိုသူ ပြင်သစ်နိုင်ငံသား အဘိုးအိုတစ်ဦးသည် ပါရီမြို့ရှိ ပီကာဆို၏သား ကလော်ဒီ ပီကာဆိုထံသို့လာရောက်ကာ ပီကာဆို၏ လက်ရာများကို လာရောက်ပြသရာမှ တိမ်မြုပ်နေသော ပန်းချီကားများ ပြန်ပေါ်လာခြင်း ဖြစ်သည်။ **အင်တာနက်။**

အစ္စရေးတို့သိမ်းပိုက်ထားသည့် အနောက်ဘက်ကမ်းဒေသအရေး ပါလက်စတိုင်းတို့ ထိပ်တိုက်ရင်ဆိုင်

ဘာနီဟက်ဆန် ဒီဇင်ဘာ ၁ - ပါလက်စတိုင်းဝန်ကြီးချုပ် ဆာလမ်ဖေယက်ဒ်သည် အစ္စရေးတပ်ဖွဲ့များဖျက်ဆီးခဲ့သော လမ်းတစ်လမ်းကို ပြန်လည်တည်ဆောက်ရန် ကတိကဝတ်ပြုခြင်းအားဖြင့် အနောက်ဘက်ကမ်းဒေသအရေး၌ အစ္စရေးနိုင်ငံနှင့် ထိပ်တိုက်ရင်ဆိုင်မှု လုပ်ဆောင်လာကြောင်း နိုဝင်ဘာ ၃၀ရက် သတင်းများတွင်ဖော်ပြသည်။



အစ္စရေးတပ်ဖွဲ့များ ဖျက်ဆီးခဲ့သော လမ်းပေါ်တွင် ပါလက်စတိုင်း လုံခြုံရေးအစောင့်များကို တွေ့ရစဉ်။

အစ္စရေးနိုင်ငံက သိမ်းပိုက်ထားသောအနောက်ဘက်ကမ်းဒေသရှိ ပါလက်စတိုင်းကျေးရွာတစ်ရွာဖြစ်သည့် ဘာနီဟက်ဆန်ကျေးရွာနှင့် ယင်းကျေးရွာ၏ သံလွင်ပင်စိုက်ခင်းများကို ဆက်စပ်ပေးထားသည့် လမ်းတစ်လမ်းအား အစ္စရေးတပ်ဖွဲ့များက ပြီးခဲ့သည့် သီတင်းပတ်အတွင်း ဖျက်ဆီးခဲ့သည်။

အဆိုပါလမ်းကို အမြန်ဆုံးပြန်လည်တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ အစ္စရေးတပ်ဖွဲ့များက ထပ်မံဖျက်ဆီးခဲ့လျှင် မိမိတို့ကလည်း ထပ်မံတည်ဆောက်ဦးမည်ဖြစ်ကြောင်း လမ်းပျက်စီးမှုကို လာရောက်ကြည့်ရှုစဉ် ပါလက်စတိုင်းဝန်ကြီးချုပ် ဆာလမ်ဖေယက်ဒ်က ဘာနီဟက်ဆန်ရွာသားများအား ပြောကြားသည်။

ပါလက်စတိုင်းနိုင်ငံတော် ထူထောင်ရေးအတွက် ချမှတ်ထားသည့် နိုင်ငံတကာ ကျောထောက်နောက်ခံပြု နှစ်နှစ်စီမံကိန်းအရ မိမိတို့အနေဖြင့် အနောက်ဘက်ကမ်းဒေသ၌ ဖွံ့ဖြိုးရေးစီမံကိန်းများကို လုပ်ဆောင်ရမည်ဖြစ်ကြောင်း ဆာလမ်ဖေယက်ဒ်က ဆိုသည်။

လွတ်လပ်သော ပါလက်စတိုင်းနိုင်ငံထူထောင်ရာတွင် ဂါဇာကမ်းမြောင်ဒေသ၊ အရှေ့ဂျေရုဆလင်တို့နှင့်အတူ ၁၉၆၇ အာရပ်-အစ္စရေးစစ်ပွဲအတွင်း အစ္စရေးတို့သိမ်းပိုက်ခဲ့သည့် အနောက်ဘက်ကမ်းဒေသကိုပါထည့်သွင်းရန် ပါလက်စတိုင်းတို့က လိုလားသည်။

၁၉၉၀ခုနှစ်၌ ပြုလုပ်ခဲ့သော ကြားဖြတ်ငြိမ်းချမ်းရေးသဘော တူညီချက်အရ ပါလက်စတိုင်း အာဏာပိုင်အဖွဲ့သည် အနောက်ဘက်ကမ်းဒေသ၏ ၄၀ ရာခိုင်နှုန်းကိုအုပ်ချုပ် ခွင့်ရထားသည်။ **အေပီ။**

ကုန်တင်လေကြောင်းလိုင်းများ လုံခြုံရေးစည်းမျဉ်းသစ်များချမှတ်မည်

နယူးယောက် ဒီဇင်ဘာ ၁

လေကြောင်းပျံသန်းမှုများကို စောင့်ကြည့်စီမံသော ကုလသမဂ္ဂအဖွဲ့အစည်းတစ်ရပ်သည် အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့၏ ပါဆယ်ဗုံးမဟာဗျူဟာကို တန်ပြန်ကာကွယ်ရေးအတွက် ကုန်တင်လေကြောင်းလိုင်းများ လုံခြုံရေးဆိုင်ရာစည်းမျဉ်းသစ်များ ချမှတ်ရေးအတွက် လုပ်ဆောင်လျက်ရှိကြောင်း နိုဝင်ဘာ ၃၀ရက် သတင်းများတွင် ဖော်ပြသည်။

အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းပျံသန်းမှုဆိုင်ရာအဖွဲ့က အဆိုပြုသောစည်းမျဉ်းသစ်များသည် ကုန်ပစ္စည်းများ လေဆိပ်သို့ မရောက်မီ ကြိုတင်စစ်ဆေးရေးကို မဏ္ဍိုင်ပြုထားသည်။

ကုန်တင်လေကြောင်းလိုင်းများလုံခြုံရေး စည်းမျဉ်းသစ်များမူကြမ်းကို လာမည့်သီတင်းပတ် အနည်းငယ်အတွင်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၅၀ ကို အသိပေးမည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းပျံသန်းမှုဆိုင်ရာအဖွဲ့က ပြောကြားသည်။

ခရစ္စမတ်ကာလ အားလပ်ရက်ရာသီအတွင်း ကမ္ဘာတစ်ဝန်းလုံး၌ ပါဆယ်ထုပ်များ ပို့ဆောင်မှုများ တိုးမြှင့်လာမည်ဖြစ်ရာ ကုန်တင်လေကြောင်းလိုင်းများလုံခြုံရေးနှင့်ပတ်သတ်၍ ကမ္ဘာ့နိုင်ငံများမှအစိုးရများအနေဖြင့် ရတက်မအေးဖြစ်နေရသည်။

ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ယီမင်နိုင်ငံအခြေစိုက်စစ်သွေးကြွများသည် စာကူးစက်ထည့်သည့် ကတ်ထူပုံးများတွင် ဗုံး ၃၈ လုံးထည့်၍ ကုန်တင်ဂျက်လေယာဉ်များကို ဖောက်ခွဲတိုက်ခိုက်ရန်ကြံစည်ခဲ့ရာ ဆော်ဒီအာရေဗျထောက်လှမ်းရေးအဖွဲ့၏ သတင်းပေးမှုကြောင့် စစ်သွေးကြွတို့၏အကြံအစည်ကို ကြိုတားနိုင်ခဲ့သည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ထုတ်ဝေခဲ့သော အယ်လ်ခိုင်ဒါမဂ္ဂဇင်းက ပါဆယ်ဗုံးပေးပို့တိုက်ခိုက်မှုသည် စရိတ်စက နည်းပါးခြင်းကြောင့် အဆိုပါ ပါဆယ်ဗုံးတိုက်ခိုက်မှုများကို ပိုမိုလုပ်ဆောင်ရန် အယ်လ်ခိုင်ဒါအဖွဲ့ဝင်များကို တိုက်တွန်းထားသည်။ **အေပီ။**

ဂျပန်နိုင်ငံတောင်ပိုင်း၌ လှုပ်ခတ်သောငလျင်ကြောင့် တိုကျိုမြို့တော်ရှိ အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါ

တိုကျို ဒီဇင်ဘာ ၁

ဂျပန်နိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းကမ်းလွန်ရေပြင်၌ နိုဝင်ဘာ ၃၀ရက်က အင်အားရစ်ချ်တာစကေး ၆ ဒသမ ၉ အဆင့်ရှိ အင်အားပြင်း မြေငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ငလျင်၏ ပြင်းအားကို ခံစားခဲ့ရပြီး တိုကျိုမြို့လယ်ရှိ အဆောက်အအုံများ သွက်သွက်ခါမျှ ယိမ်းထိုးခဲ့ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် အပျက်အစီးနှင့် ထိခိုက်ဒဏ်ရာရရှိမှုများနှင့် ပတ်သက်၍ သတင်းရရှိသေးခြင်းမရှိပေ။ ငလျင်လှုပ်ခတ်မှုကြောင့် ဆူနာမီရေလှိုင်း များဖြစ်ပေါ်မည့် အလားအလာမရှိကြောင်း သိရသည်။

အဆိုပါငလျင်သည် ဂျပန်ကျွန်းမကြီး၏ တောင်ဘက်မိုင် ၅၀၀ခန့်အကွာရှိ အိုဂါဆာဝါရကျွန်းစုအနီး၌ မြေအောက်အနက် မိုင် ၃၀၀ကို ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ပြောကြားသည်။

ငလျင်လှုပ်ခတ်မှုဒဏ်ကို အခံရဆုံး ကမ္ဘာနိုင်ငံများတွင် ဂျပန်နိုင်ငံလည်း အပါအဝင်ဖြစ်ပြီး ၁၉၉၅ ခုနှစ်က လှုပ်ခတ်ခဲ့သော အင်အားရစ်ချ်တာစကေး ၇ ဒသမ ၂ အဆင့်ရှိ မြေငလျင်ကြောင့် ဂျပန်အနောက်ပိုင်း ကိုဘေးဆိပ်ကမ်းမြို့၌ လူပေါင်း ၆၄၀၀ သေဆုံးခဲ့ရသည်။ **အေပီ။**

မုန်တိုင်းတိုက်စဉ် သင်္ဘောနှစ်စင်းတိုက်မိ ကုန်သင်္ဘောနှစ်မြုပ်၍ ငါးဦးပျောက်ဆုံးနေ

ဆိုဖီယာ(ဘူလ်ဂေးရီးယား) ဒီဇင်ဘာ ၁

ပင်လယ်နက်အတွင်း မုန်တိုင်းတိုက်ခတ်နေစဉ် ကုန်သင်္ဘောတစ်စင်းသည် ရေနံတင်သင်္ဘောတစ်စင်းနှင့် တိုက်မိကာ နစ်မြုပ်ခဲ့ပြီး သင်္ဘောသားငါးဦး ပျောက်ဆုံးနေကြောင်း တာဝန်ရှိသူများက ပြောသည်။

ပျောက်ဆုံးနေသော သင်္ဘောသားများကို ရေတပ်သင်္ဘောများနှင့် ရဟတ်ယာဉ်များက ဘူလ်ဂေးရီးယားနိုင်ငံ ကမ်းလွန်ရေပြင်၌ အဂိါနေ့တွင် ရှာဖွေလျက်ရှိသည်။

ဆီရီယာလီယွန်နိုင်ငံ အလံလွှင့်ထူထားသည့် ကုန်သင်္ဘောကာရမ်(၁)သည် အီမိုင်းအငူမှ ၁၀မိုင်ခန့်ဝေးသော ရေပြင်တွင် ဒတ်ချ်ရေနံတင်သင်္ဘော အလက်ဇန္ဒြိုဒီပီနှင့် တိုက်မိပြီးနောက် တနလာနေ့နှောင်းပိုင်းတွင် နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း ဘူလ်ဂေးရီးယား သယ်ယူပို့ဆောင်ရေးဝန်ကြီး ဌာနက ပြောသည်။

ကုန်သင်္ဘောပေါ်၌ ဆီးရီးယားနိုင်ငံသားကိုးဦးနှင့် အီဂျစ်လူမျိုးတစ်ဦး တာဝန်ထမ်းဆောင်လျက်ရှိရာ ငါးဦးကို သာ ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ကာရမ်(၁)ကုန်တင်သင်္ဘောသည် သတ္တုဖြတ်ညှပ်စများ တင်ဆောင်၍ တူရကီနိုင်ငံ အစ္စတန်ဘူလ်သို့လည်းကောင်း၊ ရေနံတင်သင်္ဘောသည် ဝန်လွတ်ဖြစ်ပြီး ဘူလ်ဂေးရီးယားနိုင်ငံ ဗာနာဆိပ်ကမ်းသို့လည်းကောင်း ဦးတည်ခုတ်မောင်းနေကြခြင်း ဖြစ်သည်။ **အေပီ။**

ဆီးနှင်းများ ထူထပ်စွာကျဆင်းမှုကြောင့် ဥရောပတစ်လွှား လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ကမောက်ကမဖြစ်

လန်ဒန် ဒီဇင်ဘာ ၁ - ဥရောပတိုက်တစ်လွှားတွင် အပူချိန်အလွန်အမင်းလျော့ကျ၍ ဆီးနှင်းများ ထူထပ်စွာ ကျဆင်းလျက်ရှိရာ ဗြိတိန်နိုင်ငံနှင့် ဂျာမနီနိုင်ငံတို့မှလေဆိပ်များ ပိတ်ထားရကြောင်း နိုဝင်ဘာ ၃၀ ရက် သတင်းများတွင် ဖော်ပြသည်။

ဆီးနှင်းများ ထူထပ်စွာကျဆင်းနေခြင်းကြောင့် ဥရောပတိုက်တစ်ဝန်းလုံး နိစ္စခူဝလုပ်ငန်းဆောင်တာများ ကမောက်ကမဖြစ်ခဲ့ရပြီး လမ်းမတော်တဆမှုများကြောင့် လူအသေအပျောက်များ ရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

စကော့တလန်နိုင်ငံ၌ မော်တော်ယာဉ်တစ်စီးအား ဆီးနှင်းများ ဖုံးအုပ်နေသည်ကို တွေ့ရစဉ်။

ဂျာမနီနိုင်ငံတောင်ပိုင်း ဘာဗေးရီးယား၊ ဘာဒင်ဝုတင်ဘတ်ဂျ်နှင့် ဆက်ဆွန်နီပြည်နယ်များတွင် ဆီးနှင်းများ ဖုံးလွှမ်းလျက်ရှိပြီး ယခုရက်သတ္တပတ်အတွင်း ရာသီဥတုအခြေအနေသည် ပိုမိုအေးမြလာဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။

ဖရန့်ဖတ်လေဆိပ်တွင် လေယာဉ်ပြေးလမ်းများပေါ်မှ နှင်းခဲများကို ရှင်းလင်းခဲ့သော်လည်း ရေခဲလုမတတ်ဖြစ်နေသော ရာသီဥတုကြောင့် လေကြောင်းခရီးစဉ် ၂၀၀ ကျော်ကို ဖျက်သိမ်းခဲ့ရသည်။

ဂျာမနီနိုင်ငံအရှေ့ပိုင်း လိုက်ပဇစ်မြို့တွင် ဆီးနှင်းခဲပစ်ပေါက်ကစားရာမှ အစပြု၍ လူ ၅၀၀ ကျော်ပါဝင်သော ရန်ပွဲတစ်ရပ်ဖြစ်ပွားခဲ့ရာ ဝရန်းသုန်းကားအခြေအနေတစ်ရပ် ပေါ်ပေါက်ခဲ့ရသည်။

ဗြိတိန်နိုင်ငံ၌လည်း ဆီးနှင်းများကျဆင်းမှုကြောင့် စကော့တလန်နှင့် အင်္ဂလန်တို့ရှိ စာသင်ကျောင်းရာပေါင်းများစွာကို ပိတ်ထားခဲ့ရပြီး လမ်းပန်းဆက်သွယ်ရေး အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။ ပိုလန်နိုင်ငံတွင် ဆီးနှင်းများထူထပ်စွာ ကျဆင်းလျက်ရှိရာ လမ်းမတော်တဆမှု ရာပေါင်းများစွာ ဖြစ်ပွားခဲ့သည်။ ချက်သမ္မတနိုင်ငံတွင် ဆီးနှင်းကျဆင်းမှုကြောင့် ဖြစ်ပွားသော လမ်းမတော်တဆမှုများကြောင့် အနည်းဆုံးလူလေးဦး သေဆုံးခဲ့ရသည်။

ဆွစ်ဇာလန်နိုင်ငံသည် ၄၅နှစ်တာကာလအတွင်း အအေးမြဆုံး နိုဝင်ဘာညများနှင့် ကြုံတွေ့ခဲ့ရပြီး အပူချိန်မှာ ၃၀ဒီဂရီဆဲလ်စီးယပ်စ်အောက် ကျဆင်းခဲ့ကြောင်း သိရသည်။ **အေအက်ဖ်ပီ။**

ဒုံးကျည်ကာကွယ်ရေးစနစ်နှင့် ပတ်သက်၍ ရုရှားနိုင်ငံက အနောက်အုပ်စုကို သတိပေး

မော်စကို ဒီဇင်ဘာ ၁

ဥရောပတိုက်၏ ဒုံးကျည်ကာကွယ်ရေးစနစ်အတွင်း ရုရှားနိုင်ငံကို ထည့်သွင်းခြင်း မရှိပါက မိမိတို့အနေဖြင့် ရယူကလီးယားလက်နက်များနှင့် တိုက်ခိုက်ရေးတပ်ဖွဲ့များကို ဖြန့်ကြက်လိမ့်မည်ဖြစ်ကြောင်း ရုရှားပန်ကြီးချုပ် ဗလာဒီမာပူတင်က စီအင်ဘီအင်နှင့် သတင်းဌာနသို့ နိုဝင်ဘာ ၃၀ ရက်က ပြောကြားသည်။

ရုရှားနိုင်ငံ၏ အဆိုပြုချက်များကို ငြင်းပယ်ခဲ့ပါက မိမိတို့အနေဖြင့် မိမိတို့နိုင်ငံ လုံခြုံရေးအတွက် စိတ်ချရစေရန် လုပ်ဆောင်မည်ဖြစ်ကြောင်း ပူတင်က ပြောကြားသည်။

ရုရှားနိုင်ငံနယ်စပ်တစ်လျှောက်တွင် ဖြစ်ပေါ်လာနိုင်မည့် ဗြိမ်းခြောက်မှုအသစ်များကို ရင်ဆိုင်ရန် ဒုံးကျည်နှင့် ရယူကလီးယားနည်းပညာသစ်များကို ဖြန့်ကြက်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ရုရှားပန်ကြီးချုပ်၏ မှတ်ချက်သည် ရုရှားအစိုးရ၏ ဒုံးကျည်ကာကွယ်ရေးဆိုင်ရာ စနစ်တစ်ရပ်တည်ဆောက်ရေးနှင့် ပတ်သက်သော သဘောထားကို ထင်ဟပ်ဖေါ်ပြီး ယင်းသဘောတူညီချက် အမှန်တကယ်ဖြစ်မလာပါက ဥရောပတိုက်နှင့် ရုရှားနိုင်ငံ အကြား ဆက်ဆံရေးကို ထိခိုက်စေနိုင်ဖွယ်ရှိသည်။ **အင်အင်အေ၊ ရွိုက်တာ။**

ရာသီဥတုပြောင်းလဲမှုဒဏ်ရင်ဆိုင်ရေး ဘင်္ဂလားဒေရှ်အနေဖြင့် ဆွေးနွေးပွဲများမလို ငွေကိုသာလိုချင်

ဒါကာ ဒီဇင်ဘာ ၁ - ရာသီဥတုပြောင်းလဲမှုဒဏ်ကို ဆိုးဆိုးရွားရွားရင်ဆိုင်နေရသော ဘင်္ဂလားဒေရှ်နိုင်ငံအနေဖြင့် ယင်းပြဿနာနှင့် ပတ်သက်၍ ဆွေးနွေးပွဲများမလိုအပ်ဘဲ ငွေကြေးသာလိုအပ်နေကြောင်း ကျွမ်းကျင်သူတစ်ဦးက နိုဝင်ဘာ ၂၉ ရက်တွင် သတိပေးပြောကြားသည်။

ဘင်္ဂလားဒေရှ်နိုင်ငံ အနောက်တောင်ပိုင်းရှိ ဖွံ့ဖြိုးမှုနည်းပါးသော မြေနိမ့်ဒေသများသည် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံစားနေရပြီး ဆိုင်ကလုန်းမုန်တိုင်းများနှင့် ရေကြီးမှုများကြောင့် လူအသက်ပေါင်းများစွာ ပျက်စီးခဲ့ရသည်။

ပြီးခဲ့သည့်နှစ် မေလက တိုက်ခတ်ခဲ့သော အီလာဆိုင်ကလုန်းမုန်တိုင်းကြောင့် ဘင်္ဂလားဒေရှ်နိုင်ငံသား ၃၀၀ သေဆုံးခဲ့ရပြီး ၁၅၀၀၀ တို့သည် အရေးပေါ်ကယ်ဆယ်ရေးအကူအညီများကို မှီခိုခဲ့ရသည်။

အီလာ ဆိုင်ကလုန်းကဲ့သို့သော မုန်တိုင်းမျိုးကို နောင်အနာဂတ်တွင် မကြာခဏ ကြုံတွေ့ရဖွယ်ရှိကြောင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုနှင့် အတူ ဆိုင်ကလုန်းနှင့် မုန်တိုင်းဒီရေတို့သည် အဖျက်စွမ်းအား ပိုကြီးမားလာဖွယ်ရှိကြောင်း သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးရေးဆိုင်ရာ နိုင်ငံတကာသိပ္ပံမှ ပညာရှင်တစ်ဦးက သုံးသပ်သည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ရေတိုးတက်ခြင်း၊ ရေနုတ်ပြွန်ပျက်ခြင်း၊ ရေသောက်ရေ ရရှိခဲယဉ်းခြင်း၊ ပင်ပန်းဆင်းရဲခြင်းတို့ကြောင့် ကမ္ဘာတစ်ဝှမ်းရှိ ဒေသခံပြည်သူများ ရုန်းကန်ရပ်တည်ရခက်ခဲလာကြောင်း ကျွမ်းကျင်သူ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲသည် ဆင်းရဲသော နိုင်ငံများနှင့် ချမ်းသာသော နိုင်ငံများအကြား အမြင်မတူညီမှုကြောင့် မတိုးသာ မဆုတ်သာ အခြေအနေသို့ ရောက်ရှိနေသည်။ **အေအက်ဖ်ပီ။**

ရာသီဥတုပြောင်းလဲမှု ဒဏ်ကို ဆိုးဆိုးရွားရွားခံနေရသော ဘင်္ဂလားဒေရှ်နိုင်ငံ အနောက်တောင်ပိုင်း မြေနိမ့်ဒေသများ။

ကြောက်မက်ဖွယ် ပုစွန်မျိုးစိတ်တစ်မျိုး ဝေလပြည်နယ်ဌာ့တွေ့ရှိ

လန်ဒန် ဒီဇင်ဘာ ၁

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အေဂျင်စီတစ်ခုသည် ပါးငယ်များ၊ ပိုးလောင်းကောင်များနှင့် ရေပြင်တစ်ခုတည်းနေ အခြားသတ္တဝါများကို သတ်ဖြတ်စားသုံးသည့် ပုစွန်မျိုးစိတ်တစ်ခုကို ပြိတိန်နိုင်ငံနှင့် ဝေလပြည်နယ် နှစ်နေရာ၌ တွေ့ရှိခဲ့ကြောင်း နိုဝင်ဘာ ၃၀ ရက် သတင်းမျက်တွင်ဇင်ဖော်ပြသည်။

Dikerogammarus Villosus ပုစွန်မျိုးစိတ် **(ယာဝို)**သည် ၎င်းတို့ စားကျက်ချဲ့ထွင်လာသော ရေပြင်၏ ဂေဟဗေဒစနစ်ကို ပြောင်းလဲနိုင်စွမ်းရှိပြီး မူလရှိပြီးသား ရေသတ္တာငါမျိုးစိတ်များကို မျိုးတုံးစေနိုင်သည်ဟု ဆိုသည်။

D.Villosus ပုစွန်မျိုးစိတ်များသည် ပင်လယ်နက်ဒေသနှင့် ကတ်စပီယန်ပင်လယ်တို့တွင် ရှင်သန်ကျက်စားလေ့ရှိသော သတ္တဝါများဖြစ်ပြီး အနောက်ဥရောပ ရေပြင်အတွင်း လွန်ခဲ့သော ၁၀နှစ်ခန့်မှစ၍ ဝင်ရောက်လာခြင်းဖြစ်သည်ဟု ဆိုသည်။

အဆိုပါ ပုစွန်မျိုးစိတ်များသည် အငယ်ဆုံး သုံးလီမီတာရှိပြီး မီလီမီတာ ၃၀ အထိ ကြီးထွားလာနိုင်ဖွယ်ရှိသည်။

ယင်းပုစွန်မျိုးစိတ်သည် အမည်နာမအားဖြင့် ကြောက်မက်ဖွယ်ကောင်းသော်လည်း ၎င်းတို့သည် လူသားများအတွက် မြိမ်းခြောက်မှုတစ်ရပ်မဟုတ်ဘဲ ဝေလနယ်၏ ပတ်ဝန်းကျင် ဂေဟစနစ်အတွက် အန္တရာယ်တစ်ခုသာ ဖြစ်ကြောင်း သိရသည်။

အင်တာနက်။

အာဖဂန်အရှေ့ပိုင်း၌ မိုင်းရှင်းလင်းရေးလုပ်သားများ ပြန်ပေးဆွဲခံရ

ကဘူး ဒီဇင်ဘာ ၁

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နန်ဂါဟာပြည်နယ်၌ တာလီဘန်စစ်သွေးကြွများသည် အာဖဂန်ပိုင်းရှင်းလင်းရေးအဖွဲ့တစ်ဖွဲ့ကို ဗုဒ္ဓဟူးနေ့က ချိန်ခိုတိုက်ခိုက်ပြီး အဖွဲ့ဝင်ခုနစ်ဦးကို ပြန်ပေးဆွဲခဲ့ကြောင်း ဒေသန္တရအာဏာပိုင်တစ်ဦးက ပြောကြားသည်။

တာလီဘန်များသည် လုံခြုံရေးတပ်ဖွဲ့ဝင်များရန်မှ ရှောင်ရှားရန်အတွက် ၎င်းတို့ ပြန်ပေးဆွဲထားသော မိုင်းရှင်းလင်းရေးဝန်ထမ်းခုနစ်ဦးကို အိမ်နီးချင်း ပါကစ္စတန်နိုင်ငံတွင်းသို့ ခေါ်ဆောင်သွားကြောင်း သတင်းတွင် ဖော်ပြသည်။

အဖွဲ့ဝင် ၁၆ ဦးပါ မိုင်းရှင်းလင်းရေးအဖွဲ့သည် နန်ဂါဟာပြည်နယ်သို့အလာ လမ်းခုလတ်တွင် တာလီဘန်များ၏ ချိန်ခိုတိုက်ခိုက်မှုကို ခံခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တာလီဘန်များသည် မိုင်းရှင်းလင်းရေးလုပ်သား ခုနစ်ဦးကို ခေါ်ဆောင်ကာ ပါကစ္စတန်နိုင်ငံအတွင်းသို့ နယ်စပ်ဖြတ်ကျော် ဝင်ရောက်ခဲ့ခြင်းကြောင့် ၎င်းတို့ကိုတားမြစ်ရန် အခွင့်မသာခဲ့ကြောင်း အာဖဂန်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အင်အင်အေ၊ ရွိုက်တာ။

စစ်သွေးကြွအုပ်စုများနှင့် ပတ်သက်ဆက်နွယ်မှုရှိသူ ခုနစ်ဦး စပိန်ပမ်းဆီး

မဒရစ် ဒီဇင်ဘာ ၁ - ၂၀၀၈ခုနှစ် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းအကြမ်းဖက်တိုက်ခိုက်မှုတွင် ပါဝင်ခဲ့သူတစ်ဦးအပါအဝင် အယ်လ်ခိုင်ဒါနှင့် ဆက်စပ်သော အကြမ်းဖက်အုပ်စုများအား နိုင်ငံသားအဖြစ် အသိအမှတ်ပြု စာရွက်စာတမ်းအတုများ ပြုလုပ်ပေးခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် စပိန်နိုင်ငံ ဘာစီလိုနာမြို့၌ လူခုနှစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း စပိန်ပြည်ထဲရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ဘာစီလိုနာမြို့၌ ကမ္ဘာလှည့်ခရီးသွားများထံမှ ခရီးသွားလာရေး စာရွက်စာတမ်းအတုများနှင့် နိုင်ငံကူးလက်မှတ်များကို ခိုးယူမှုဖြင့် ပါကစ္စတန်နိုင်ငံသားခြောက်ဦးနှင့် နိုင်ဂျီးရီးယားနိုင်ငံသား တစ်ဦးတို့ကို နိုဝင်ဘာ ၃၀နှင့် ဒီဇင်ဘာ ၁ ရက် တို့တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးခံရသူ ခုနစ်ဦးတို့သည် ၎င်းတို့ခိုးယူထားသော နိုင်ငံကူးလက်မှတ်များနှင့် ခရီးသွားလာရေးဆိုင်ရာ စာရွက်စာတမ်းများကို ထိုင်းနိုင်ငံသို့ ပို့ဆောင်ပြီး ပုံဖျက်အတုလုပ်ကာ အစွန်းရောက်ဝါဒီအုပ်စုများထံသို့ လွှဲပြောင်းပေးခဲ့ကြောင်း စပိန်အဓိပ္ပာယ်ရ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အဆိုပါ စာရွက်စာတမ်းအတုများကို မွမ်ဘိုင်းအကြမ်းဖက်တိုက်ခိုက်မှု၏ အဓိကလက်သည်ဖြစ်သော လက်ရှိကားအီး-တိုင်ဘာအဖွဲ့နှင့် သီရိလင်္ကာနိုင်ငံမှ ခွဲထွက်ရေးဝါဒီများဖြစ်သော တမီးလ်-အီလမ် ကျားသူပုန်အဖွဲ့များသို့ ပေးပို့ခဲ့သည်ဟုဆိုသည်။

ယင်းကဲ့သို့ ဖမ်းဆီးနိုင်မှုသည် နိုင်ငံတကာ ပူးပေါင်းစစ်ဆင်ရေးတစ်ရပ်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ယင်းအမှုတွင် ပါဝင်ပတ်သက်သော ပါကစ္စတန်နိုင်ငံသား နှစ်ဦးနှင့် ထိုင်းနိုင်ငံသားတစ်ဦးတို့ကို လည်း ထိုင်းနိုင်ငံတွင် ဖမ်းဆီးနိုင်ခဲ့ကြောင်း စပိန်ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

စစ်သွေးကြွအုပ်စုအဖွဲ့ဝင်များ စာရွက်စာတမ်းအတုများကို ကိုင်ဆောင်၍ နယ်စပ်များဖြတ်ကျော်ကာ လွတ်လပ်စွာ သွားလာနိုင်ရေးအတွက် သင့်လျော်သော လူမျိုးဇာစ်မြစ်နှင့် အသက်အရွယ်ရှိသူများ၏ စာရွက်စာတမ်းများကို အတုလုပ်သည့် အဖွဲ့က လုယက်ရယူခဲ့ကြောင်း သိရသည်။

အင်အင်အေ၊ ရွိုက်တာ။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး ဒီဇင်ဘာ ၁

. အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး ဒီဇင်ဘာ ၁ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၄၅၅ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၄၀၅၈၈ ဦးဖြစ်ကြောင်း အင်တာနက်သတင်းဌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၄၅၅ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၀၅၈၈ ဦး

အင်တာနက်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂွဒက် ဒီဇင်ဘာ ၁

. အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဒီဇင်ဘာ ၁ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူ ဦးရေမှာ ၇၀၄၄၀ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၄၄၉၉ ဦး ဖြစ်ကြောင်း အင်တာနက်သတင်းဌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၄၄၀ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၄၄၉၉ ဦး

အင်တာနက်။

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တော်အနီး ဆောက်လုပ်ရေးကုမ္ပဏီလုံခြုံရေးကိုးဦး ပြန်ပေးဆွဲခံရ

ကဘူး ဒီဇင်ဘာ ၁

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့အရှေ့ဘက် ကီလိုမီတာ ၆၀ အကွာရှိ ခရိုင်တစ်ခုတွင် လမ်းဖောက်လုပ်ရေးကုမ္ပဏီတစ်ခု၏ ယာဉ်တန်းကို နိုဝင်ဘာ ၂၉ ရက်တွင် အမျိုး အမည်မသိ လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က တိုက်ခိုက်ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင် ကိုးဦးကို ပြန်ပေးဆွဲခဲ့ကြောင်း နိုဝင်ဘာ ၃၀ရက် သတင်းများတွင် ဖော်ပြသည်။

အာဖဂန်ပြည်ထဲရေးနန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ ဆူရိုဘီခရိုင် တီဇင်းကျေးရွာအနီးတွင် အစောင့်တပ်ဖွဲ့ဝင် ၁၈ဦး လိုက်ပါလာသော ယာဉ်တန်းကို လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ တိုက်ခိုက်မှုဖြစ်စဉ်၏ အရင်းအမြစ်ကို သိရှိနိုင်ရန် စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း တိုက်ပွဲအတွင်း ဒဏ်ရာရရှိခဲ့သော်လည်း လွတ်မြောက်လာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

တုံ့ပြန်မှုမရှိ

ပရဟိတအကူအညီပေးရေးလုပ်သားများနှင့် အာဖဂန်အစိုးရဝန်ထမ်းများကို မကြာခဏ တိုက်ခိုက်ပြန်ပေးဆွဲလေ့ရှိသည်ဆိုသော တာလီဘန်စစ်သွေးကြွအဖွဲ့ကမူ ဆောက်လုပ်ရေးကုမ္ပဏီယာဉ်တန်းတိုက်ခိုက်ခံရပြီး လိုက်ပါလာသော အစောင့်တပ်ဖွဲ့ဝင် ကိုးဦးပြန်ပေးဆွဲခံခြင်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာ တုံ့ပြန်မှုမမှိုင်းပေ။

အမ်အင်အေ၊ ဆင်ဟွာ။

အေအိုင်ဒီအက်စ်ရောဂါ သတိပြုရှောင်ကြဉ်ပါ

ဒေါက်တာသိင်္ဓိအောင်

မြန်မာနိုင်ငံရဲ့ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ် တားဆီးတိုက်ဖျက်ရေးလုပ်ငန်းကို ၁၉၈၅ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံအတွင်း အိပ်ချ်အိုင်ဗွိုင်းကူးဆက်လာမှု ရှိ မရှိ စူးစမ်းလေ့လာရေးအဖွဲ့များကို အဖွဲ့ဖွဲ့စည်းပြီး စောင့်ကြပ် ကြည့်ရှုလေ့လာခဲ့ပါတယ်။ ထိုသို့ စောင့်ကြပ်ကြည့်ရှု လေ့လာခဲ့ရာမှ ၁၉၈၈ ခုနှစ်တွင် မူးယစ်ဆေးသုံးစွဲသူ သင်္ဘောသားတစ်ဦးမှာ စတင်တွေ့ရှိခဲ့ပြီး အေအိုင်ဒီအက်စ်ဝေဒနာရှင်ကို ၁၉၉၁ ခုနှစ်တွင် စတင်တွေ့ရှိခဲ့ပါတယ်။ အမျိုးသားကျန်းမာရေးစီမံကိန်း (National Health Plan) အနေဖြင့် ခုခံအားကျဆင်းမှုကူးစက်ရောဂါကို အမျိုးသားရေးအသွင်ဖြင့် ဦးစားပေးတိုက်ဖျက်ရမည့် ရောဂါကြီးတစ်ခုအဖြစ် သတ်မှတ်ခဲ့ပါတယ်။ သတ်မှတ်ချက်နှင့်အညီ အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ရာတွင် ရောဂါဖြစ်ပွားမှုကို ကာကွယ်တားဆီးပြီး ကူးစက်ခံရသူများကို ကုသပြုစုစောင့်ရှောက်မှုများကို ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံမှာ ရောဂါပိုးစတင်ကူးစက်ချိန်က အဓိကအိပ်ချ်အိုင်ဗွိုင်း ကူးစက်မှုနည်းလမ်းဟာ မူးယစ်ဆေးဝါးအကြောထဲထိုးသွင်းသူများ၌ ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိခဲ့ပြီး ယခုအခါ အခြားကဒ္ဒာနိုင်ငံများနည်းတူ လိင်မှတစ်ဆင့် ကူးစက်မှုဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ပြည့်တန်ဆာအမျိုးသမီးများတွင် အိပ်ချ်အိုင်ဗွိုင်း ကူးစက်မှုများလာပြီး ၎င်းတို့နှင့်ဆက်ဆံသော အမျိုးသားများသို့ ကူးစက်ပျံ့နှံ့လာခဲ့ပါတယ်။ အမျိုးသားများတွင် ပြည့်တန်ဆာများမှတစ်ဆင့် ရောဂါရရှိလာပြီး ၎င်းတို့မှတစ်ဆင့် အိမ်ထောင်ရှင်အမျိုးသမီးများသို့ ကူးစက်သွားပါတယ်။ ထိုအိမ်ထောင်ရှင် အမျိုးသမီးများသည် ကိုယ်ဝန်ရှိလာပါက ကလေးသို့ ၃၀ ရာခိုင်နှုန်းမှ ၄၅ ရာခိုင်နှုန်းအထိ အိပ်ချ်အိုင်ဗွိုင်း ကူးစက်နိုင်ပါတယ်။

သို့အတွက်ကြောင့် မြန်မာနိုင်ငံတွင် ကိုယ်ဝန်ဆောင်မိခင်မှ ကလေးသို့ အိပ်ချ်အိုင်ဗွိုင်ရောဂါပိုးကူးစက်မှုတားဆီးကာကွယ်ရေးလုပ်ငန်းကို ၂၀၀၁ ခုနှစ်တွင် တာချီလိတ်မြို့နှင့် ကော့သောင်းမြို့တို့တွင် စတင်ဆောင်ရွက်ခဲ့ပါတယ်။ နှစ်စဉ် မြို့နယ်များထိုးခဲ့ဆောင်ရွက်လာရာ ၂၀၁၀ ခုနှစ်တွင် မြို့နယ်ပေါင်း ၂၀ နှင့် ဆေးရုံ ၃၈ ရုံတို့တွင် မိခင်မှ ကလေးသို့ အိပ်ချ်အိုင်ဗွိုင်း ကူးစက်မှု တားဆီးရေးလုပ်ငန်းများ လွှမ်းခြုံနိုင်ခဲ့ပြီ ဖြစ်တယ်။

မိခင်မှကလေးသို့ အိပ်ချ်အိုင်ဗွိုင်းကူးစက်မှု တားဆီးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာမှာ နည်းဗျူဟာလေးခုနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီ နည်းဗျူဟာတွေကတော့-

(က) အိပ်ချ်အိုင်ဗွိုရောဂါပိုး ကူးစက်မှုမရှိရန် ကာကွယ်ခြင်း။ (Targeted primary prevention)

(ခ) အိပ်ချ်အိုင်ဗွိုရောဂါပိုးရှိသူ မိခင်များတွင် ကိုယ်ဝန်ဆောင်ခြင်းကို ရှောင်ကြဉ်ခြင်း။ (Preventing unwanted pregnancy in HIV positive women)

(ဂ) အိပ်ချ်အိုင်ဗွိုရောဂါပိုးရှိသူ မိခင်များတွင် ကိုယ်ဝန်ရှိလာပါက ကလေးသို့ မကူးစက်စေရန် ဆေးဝါးတိုက်ကျွေးခြင်းနှင့် ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း။ (Interventions to prevent Mother to Child Transmission in HIV positive pregnant woman)

(ဃ) အိပ်ချ်အိုင်ဗွိုင်းရှိသူ မိခင်နှင့် မွေးဖွားလာသော ကလေးများကို ဆက်လက်ပြုစုကုသစောင့်ရှောက်ခြင်း (Care and treatment of mothers and infants) တို့ကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

ယခုအခါ အထက်ပါ နည်းဗျူဟာလေးခုကို ပြည့်မီစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ တစ်ချိန်ကနည်းဗျူဟာ(ဃ)ကို ကျယ်ကျယ်ပြန့်ပြန့် မဆောင်ရွက်နိုင်ခဲ့သော်လည်း ယခုအခါ ပိမိုတိုးချဲ့ဆောင်ရွက်သွားနိုင်တော့မှာ ဖြစ်ပါတယ်။ ကိုယ်ဝန်ဆောင်မိခင်တစ်ဦးမှာ အိပ်ချ်အိုင်ဗွိုင်းရှိလာပါက မိခင်၏ ကျန်းမာရေးအခြေအနေနှင့် သွေးထဲရှိ ခုခံအား (CD4 Count)ကို တိုင်းတာခြင်း၊ လိုအပ်သောပြုစုစောင့်ရှောက်ခြင်းနှင့် နောက်ဆက်တွဲ စောင့်ရှောက်ခြင်းတို့ကို တိုးချဲ့ဆောင်ရွက်လျက်ရှိပါတယ်။

ကိုယ်ဝန်ဆောင်မိခင်များဟာ နှစ်သိမ့်ဆွေးနွေးပညာပေးမှုကိုခံယူပြီး မိမိတွင် အိပ်ချ်အိုင်ဗွိုင်း ရှိ၊ မရှိ စစ်ဆေးသင့်ပါတယ်။ ရောဂါပိုးကူးစက်နေကြောင်း တွေ့ခဲ့ရင်လည်း စိတ်ဓာတ်မကျဘဲ ကျွမ်းကျင်တဲ့ပညာရှင်တွေနဲ့ နှစ်သိမ့်ဆွေးနွေးပညာပေး ဆက်လက်ခံယူပြီး ကိုယ်ဝန်အပ်နှံမှု မှန်မှန်ပြုလုပ်ကာ ညွှန်ကြားတဲ့အတိုင်း လိုက်နာနေထိုင်ရပါမယ်။ ရောဂါပိုးမရှိပါက ရောဂါပိုးကူးစက်ခံရနိုင်တဲ့ အပြုအမူများကို ရှောင်ကြဉ်ရပါမယ်။ နောက်သုံးလအကြာမှာ ပြန်လည်သွေးစစ်ကြည့်ဖို့လိုပါတယ်။ ရောဂါပိုးမရှိဟု ထပ်မံအဖြေထွက်ပါက အိပ်ချ်အိုင်ဗွိုင်းကူးစက်ခံရနိုင်မည့် အပြုအမူများကို ရှောင်ရှား၍ လက်ရှိအခြေအနေကို ရာသက်ပန် ဆက်လက်ထိန်းသိမ်းနေထိုင်ဖို့လိုပါတယ်။ ကိုယ်ဝန်ဆောင်မိခင်တစ်ဦးတွင် အိပ်ချ်အိုင်ဗွိုင်းတွေ့ရှိပါက မိခင်၏ ကျန်းမာရေးစမ်းသပ်စစ်ဆေးခြင်းနှင့်အတူ သွေးထဲရှိခုခံအားကို တိုင်းတာခြင်း (CD4 Count) စသော သွေးစစ်ဆေးမှုများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကိုယ်ဝန်ဆောင်မိခင်တစ်ဦးတွင် အေအိုင်ဒီအက်စ် ရောဂါလက္ခဏာများပေါ်လာပြီး သွေးထဲရှိခုခံအားစနစ်များ ကျဆင်းလာပါက အိပ်ချ်အိုင်ဗွိုင်းရပ်စိပ်ကို ဟန့်တားစေသောဆေးဝါးများ (Antiretroviral Therapy Drugs) ဖြင့် စနစ်တကျ တိုက်ကျွေးကုသပေးလျက်ရှိပါတယ်။ ဒီလုပ်ငန်းကို မြန်မာနိုင်ငံရှိ Antiretroviral Therapy ပေးနေသော ဆေးရုံကြီးပေါင်း ၃၀ နှင့် ဆက်သွယ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဆက်လက်၍ Antiretroviral Therapy ကို တိုးချဲ့ဆောင်ရွက်နိုင်ရန်လည်း စီစဉ်လျက်ရှိပါတယ်။

အကယ်၍ ကိုယ်ဝန်ဆောင်မိခင်သည် ကျန်းမာရေးကောင်းမွန်ပြီး သွေးထဲရှိခုခံအား (CD4 Count) ကျဆင်းမှုမရှိသေးလျှင် ထိုမိခင်များကို ကလေးသို့ မကူးစက်ရန်အတွက် အိပ်ချ်အိုင်ဗွိုမကူးစက်အောင် တားဆီးပေးနိုင်သည့်ဆေးဝါးများ (Prophylaxis Antiretroviral Drugs)ကို တိုက်ကျွေးပြီး စနစ်တကျ မီးဖွားပေးပါတယ်။ မီးဖွားပြီးပါကလည်း မိခင်နှင့်ကလေးတို့ကို လိုအပ်သော နောက်ဆက်တွဲ ပြုစုစောင့်ရှောက်မှုများကို ဆက်လက်ဆောင်ရွက်ပေးနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနက စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ အိပ်ချ်အိုင်ဗွိုးရှိသော သူတို့တွင် ဆေးဝါးကုသရုံနှင့် မလုံလောက်ဘဲ စိတ်ပိုင်းဆိုင်ရာ ကူညီပံ့ပိုးမှုနှင့် လူမှုရေးစောင့်ရှောက်မှုများကိုလည်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ၂၀၀၉ ခုနှစ်က ကိုယ်ဝန်ဆောင်မိခင် ၂ ဒသမ ၈ သိန်းခန့်ကို မိမိဆန္ဒအလျောက် နှစ်သိမ့်ဆွေးနွေး ပညာပေးမှုခံယူကာ အိပ်ချ်အိုင်ဗွိုး ရှိ၊မရှိ စစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ကိုယ်ဝန်ဆောင်မိခင်တွေအနေနဲ့ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် နို့တိုက်စဉ်တို့မှာ မိခင်မှရင်သွေးထဲသို့ အိပ်ချ်အိုင်ဗွိုးပိုး ကူးစက်သွားနိုင်တယ်ဆိုတာ သိထားသင့်ပါတယ်။ အိပ်ချ်အိုင်ဗွိုးပိုးရှိ မိခင်မှ ရင်သွေးထဲသို့ အိပ်ချ်အိုင်ဗွိုမကူးစက်အောင် တားဆီးပေးနိုင်တဲ့ ဆေးဝါးတွေလည်း ရှိနေပါတယ်။ အိမ်ထောင်မပြုမီ မိမိဇနီး၊ခင်ပွန်းလောင်းနှင့် ပွင့်ပွင့်လင်းလင်း အပြုသဘော ဆွေးနွေးတိုင်ပင်ပြီး နှစ်ဦးစလုံး နှစ်သိမ့်ဆွေးနွေး ပညာပေးခံယူ သွေးစစ်ခြင်းများပြုလုပ်သင့်ပါတယ်။ ကိုယ်ဝန်ဆောင်မိခင်တိုင်းကလည်း အိပ်ချ်အိုင်ဗွိုးပိုး ရှိမရှိ သွေးစစ်သင့်ပါတယ်။ ကိုယ်ဝန်ဆောင်စဉ် မိခင်ရော၊ ဖခင်ပါ အိပ်ချ်အိုင်ဗွိုးပိုးစစ်ဆေးလိုပါက မြို့နယ်ပြည်သူ့ဆေးရုံ၊ ခုခံကျ/ ကာလသားရောဂါတိုက်ဖျက်ရေးဌာနများ၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာနများ ကျေးလက်ကျန်းမာရေးဌာနများရှိ သားဖွားဆရာမများထံမှာ တွေ့ဆုံဆွေးနွေး သွေးစစ်ခြင်းကို အခမဲ့ ဆောင်ရွက်ပေးနေလို့ သွားရောက်သွေးစစ်သင့်ပါကြောင်း တိုက်တွန်းလိုက်ရပါတယ်။ ။

၂၀၁၀ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့

"အေအိုင်ဒီအက်စ်တိုက်ဖျက်ဖို့၊ ခွဲခြားမှုကိုရှောင်ကြဉ်လို့၊ ကာကွယ်ကုသစောင့်ရှောက်စို့"

"Stop AIDS. Keep the Promise."
"Avoid Stigma & Discrimination: Towards Universal Access."

ယာဉ်မတော်တဆမှုပပျောက်ရေး ဝမ်းတွင်း၌ ဟောပြော

ဝမ်းတွင်း ဒီဇင်ဘာ ၁

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(မိတ္ထီလာ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးကျော်အောင် ဦးဆောင်သော နယ်လှည့်ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်သည့်အဖွဲ့သည် နိုဝင်ဘာ ၂၇ ရက်က ဝမ်းတွင်းမြို့နယ်၌ ဆောင်ရွက်ရာ ခရိုင်ဦးစီးမှူး ဦးမျိုးကျော်အောင်က ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်စေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကျင်းပသည်။ **(ယာဝုံ)**

ယင်းဟောပြောပွဲသို့ မြို့နယ် မထသဉ္ဇာတ္ထဌနှင့်အဖွဲ့ဝင်များ၊ မော်တော်ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များ စုစုပေါင်း ၇၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (ခရိုင် ကညန)

(၂၆၃)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်

ရန်ကုန် ဒီဇင်ဘာ ၁

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ၏ (၂၆၃)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ဒီဇင်ဘာ ၁ရက်နေ့ ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

အထူးဆုကြီး တစ်ဆု ကျပ်သိန်း(၁၀၀)

၁-၇၂၅၀၈၈

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀)

၀-၆၇၉၈၁၄

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၃၀)ဆုများ

၆-၃၃၃၉၃
၀-၈၅၆၃၂

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

၆-၈၉၀ ၂၃
၈-၇၆၀၅၂
၈-၉ ၁ ၂ ၉
၈-၁ ၃ ၃ ၃
ပ-၃ ၉ ၉ ၉ ၉

ကျပ်သိန်း(၁၀)ယူနစ် (မဝံလာစုံတွဲစနစ်)ဆုမဲများ

၆-၁ ၁ ၂ ၄ ၅	၈-၅ ၁ ၆ ၇ ၆
၆-၆ ၅ ၀ ၈ ၄	ဖ-၃ ၅ ၈ ၃ ၁
၀-ဝ ၈ ၃ ၃ ၃	၈-၅ ၁ ၈ ၂ ၂
၆-၃ ၉ ၅ ၅	၆-၃ ၂ ၈ ၆ ၉ ၅
၈-ဝ ၆ ၉ ၈ ၈	၆-ဝ ၆ ၈ ၀ ၀
ပ-၂ ၀ ၄ ၈ ၄ ၃	၈-၅ ၁ ၈ ၃ ၆

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂-၁၂-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ တရားတော်
၇:၃၀	၃။ ဓမ္မပူဇာတေး
၇:၃၅	၄။ မျိုးချစ်တပ်မတော်
၇:၄၀	၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၄၅	၆။ မြန်မာသံစဉ်ချိန်းဝင်
၇:၅၀	၇။ သာယာသီကြေး ခေတ်ဆန်းတေး
၇:၅၅	၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။ အဝိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၃၀	၃။ မျိုးချစ်တပ်မတော်
၄:၄၀	၄။ မွေးမြူသုတ
၄:၄၅	၅။ အမျိုးသားရေးတေးကဗျာ
၄:၅၀	၆။ မြန်မာသံစဉ်ချိန်းဝင်
၄:၅၅	၇။ ဝိုစီဒီကျော်ကြားတေး
၅:၃၀	၈။ သာယာသီကြေး ခေတ်ဆန်းတေး
၅:၃၅	၉။ **ရသစုံလင် ရွှမ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၈)**
၆:၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅	၁၁။ အမျိုးသားရေးတေးကဗျာ
၆:၃၀	၁၂။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆:၄၅	၁၃။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါ သူရဲကောင်းလေးများ (အပိုင်း-၂၆)
၇:၀၀	၁၄။ **ရသစုံလင် ရွှမ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၃၂)**
၈:၀၀	၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၆	၁၆။ အမျိုးသားရေးတေးကဗျာ
၈:၁၇	၁၇။ နိုင်ငံတကာသတင်း
၈:၅၀	၁၈။ မိုးလေဝသသတင်း
၈:၅၅	၁၉။ အနုပညာရှင်၏ တစ်နေ့တာ
၉:၀၀	၂၀။ မြန်မာ့ရှေ့ခင်း
၉:၂၀	၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၉:၂၅	၂၂။ **ရသစုံလင် ရွှမ်မြင်ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၃၂)**
၁၀:၀၀	၂၃။ ဂီတရင်ခုန်သံ
၁၀:၃၀	၂၄။ သင့်အတွက်မနက်ဖြန်
၁၀:၃၅	၂၅။ အဝိတ်နှုတ်ဆက်စကား
၁၀:၄၀	၂၆။ ပြီးပါပြီ။

✻ ရှေ့ဖုံးမှ

ရတနာမွန်ခန်းမ၌ ကျင်းပရာ ပျဉ်းမနားမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက " ပြည်မြန်မာ" သီချင်းကို ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို ပျဉ်းမနားမြို့နယ်ဥက္ကဋ္ဌ ဦးကျော်တင့်က ဖတ်ကြားသည်။

ဆက်လက်၍ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းတို့က (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲနှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပျဉ်းမနားမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ဇာတိမာန်" သီချင်းကို ဂုဏ်ပြုသီဆိုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နံနက် ၉ နာရီတွင် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့ရှိ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရှေးဦးစွာ ဇမ္ဗူသီရိမြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ပြည်မြန်မာ" သီချင်းကို ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို ဇမ္ဗူသီရိမြို့နယ်ဥက္ကဋ္ဌ ဦးရည်မွန်က ဖတ်ကြားသည်။

ဆက်လက်၍ အမျိုးသားနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းတို့က (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခြေခံပညာအဆင့်အလိုက် ကဗျာပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက " ဇာတိမာန်" သီချင်းကို ဂုဏ်ပြုသီဆိုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့အတူ (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နံနက် ၉ နာရီတွင် နေပြည်တော်ခရိုင် လယ်ဝေးမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မြို့မရွှေရတုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက " ပြည်မြန်မာ" သီချင်းကို ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ

နေပြည်တော် ခရိုင် ပျဉ်းမနား မြို့ အမှတ်(၁) အခြေခံ ပညာ အထက် တန်း ကျောင်း ရတနာ မွန်ခန်းမ၌ (၉၀) ပြည့်နှစ်မြောက် အမျိုးသားနေ့ ကျင်းပရေး ဗဟို ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီး ဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း (၉၀) ပြည့်နှစ် မြောက် အမျိုး သားနေ့ အထိမ်း အမှတ် ကဗျာ ပြိုင်ပွဲနှင့် စာစီ စာကုံး ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ် ချီးမြှင့်စဉ်။ (သတင်းစဉ်)

နေပြည်တော် ခရိုင် ပျဉ်းမနား မြို့ အမှတ်(၁) အခြေခံ ပညာ အထက် တန်း ကျောင်း ရတနာ မွန် ခန်းမ၌ (၉၀) ပြည့်နှစ် မြောက် အမျိုးသား နေ့ ကျင်းပရေး ဗဟို ကော်မတီ ဥက္ကဋ္ဌ ပညာရေး ဝန်ကြီး ဌာန ဝန်ကြီးဒေါက်တာ ချမ်းငြိမ်း (၉၀) ပြည့် နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် ကဗျာပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၁၀ ခုနှစ် (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို လယ်ဝေးမြို့နယ်ဥက္ကဋ္ဌ ဦးအောင်လွင်က ဖတ်ကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းနှင့် တာဝန်ရှိသူများက ၂၀၁၀ ခုနှစ် (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခြေခံပညာအဆင့်အလိုက် ကဗျာပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် လယ်ဝေးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက " ဇာတိမာန်" သီချင်းကို ဂုဏ်ပြုသီဆိုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားများကို မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ယနေ့ နံနက်ပိုင်းတွင် မြို့နယ်အလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရာဇာလင်းမိသားစု ဆေးတက္ကသိုလ်ပညာသင်ဆု လူတွေ့စစ်ဆေးမည်

ရန်ကုန် ဒီဇင်ဘာ ၁

၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ဆေးတက္ကသိုလ် အသီးသီးသို့ စတင်တက်ရောက်ခွင့်ရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအနက် အလှူရှင် ဦးအေးကျော်-ဒေါ်အေးအေးမြင့် (ရာဇာလင်း မိသားစု)၏ ဆေးတက္ကသိုလ် ပညာသင်ဆု လျှောက်ထားကြသည့် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ဆုရွေးချယ်ချီးမြှင့်နိုင်ရန် ဒီဇင်ဘာ ၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အမှတ်(၅၀) ကန်ရိပ်သာ (၃)လမ်း Finger Lake, F.M.I City လှိုင်သာယာမြို့နယ် ရန်ကုန်မြို့၌ လူတွေ့စစ်ဆေးမည်ဖြစ်ကြောင်း အကြောင်းကြားစာများ ပေးပို့ထားပြီးဖြစ်သည်။

ပညာသင်ဆု လျှောက်ထားသူ ကျောင်းသား၊ ကျောင်းသူများသည် ယင်းနေ့နံနက် ၈ နာရီခွဲအရောက် လူတွေ့စစ်ဆေးမည့် အထက်ပါလိပ်စာသို့ မိမိတို့ အစီအစဉ်ဖြင့် အချိန်မီ ရောက်ရှိ ဆက်သွယ်သတင်းပို့ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

Home Decoration & Furniture Electronic 2010 ပြပွဲ၌ ပါကေးအစားထိုးကြမ်းခင်းများ ပါဝင်ခင်းကျင်းပြသ

ရန်ကုန် ဒီဇင်ဘာ ၁

မြန်မာနိုင်ငံ၌ ပထမဦးဆုံးတင်သွင်းပြီး စတင်ဖြန့်ချိမှုသက်တမ်း ဆယ်စုနှစ် တစ်စုခန့် ခိုင်ခံ့စွာရပ်တည်နေသော Home Distribution Group က Ready Made Floor (ပါကေးအစားထိုး) ကြမ်းခင်းပြားများကို ဒီဇင်ဘာ ၂ ရက်မှ ၅ ရက်အထိ ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပလျက်ရှိသည့် Home Decoration & Furniture Electronic 2010 ပြပွဲ၌ ပါဝင်ခင်းကျင်းပြသလျက်ရှိသည်။

Home Decoration & Furniture Electronic 2010 ပြပွဲ၌ ပါကေးအစားထိုးကြမ်းခင်းများ ပါဝင်ခင်းကျင်းပြသစဉ်။ (သတင်းစဉ်)

Ready Made Floor (ပါကေးအစားထိုး) ကြမ်းခင်းပြားများကို နိုင်ငံတကာက သတ်မှတ်ထားသော Standard အတိုင်း ပါဝင်ဖွဲ့စည်းထားသော အဆင့်ဖြင့် ကုန်ကြမ်းများကို Q.C Test အဆင့်ဆင့်ဖြင့် စစ်ဆေး၍ Grade A, B, C, D ၏ Specification ကို အာမခံနှင့် ထုတ်လုပ်ထားပြီး စစ်မှန်သော Grade A,B,C, ၏ Quality ကွာခြားမှုအရ မှန်ကန်သောပစ္စည်း Specification အတိုင်း ဈေးအနိမ့်ဆုံးမှ အမြင့်ဆုံးအထိ မှန်ကန်ပွင့်လင်းစွာ ရောင်းချပေးလျက်ရှိကြောင်း၊ Ready Made Floor (ပါကေးအစားထိုး) ကြမ်းခင်းပြားများသည် Polish တင်ရန်မလို၊ ပါကေးထက် ခံနိုင်ရည်မြင့်ပြီး အချိန်ကုန်သက်သာကြောင်း။

ပစ္စည်းသီးသန့် သို့မဟုတ် ပစ္စည်းနှင့် လက်ခ သို့မဟုတ် အားလုံးအပြီးအစီး ဖြင့်လည်း လွတ်လပ်စွာ ရွေးချယ်ဝယ်ယူနိုင်ကြောင်း၊ ပါကေးအစားထိုး ကြမ်းခင်းပြားများအပြင် အဆင့်မြင့် သုတ်ဆေးအစားထိုး Pwall Leather သည် 3rd Generation ဖြစ်၍ ညစ်ပေမှုကို ပြန်လည်သန့်စင်နိုင်ပြီး အဆင့်မြင့် Hotel များတွင် အသုံးပြုမှုများကြောင်း၊ Custom Made Kitchen & Furniture များကိုလည်း ဝယ်ယူသူစိတ်ကြိုက် ဒီဇိုင်းများနှင့် ခန့်မှန်း Budget အတိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

ဈေးနှုန်းကွာခြားမှုအလိုက် Grade A,B,C,D ၏ Quality ကို အဆင့်မြင့် Show Room တွင် စက်ဖြင့် အခမဲ့ စမ်းသပ်ပေးပြီး New Year Promotion အထူးအစီအစဉ်အနေဖြင့် Floor တစ်ကျင်းဝယ်ယူသူတိုင်းအား နံရံကပ် Wall Covering (ပစ္စည်းသီးသန့်) တစ်ကျင်း လက်ဆောင်ပေးမည် ဖြစ်သည်။

Home Distribution Group က ဖြန့်ချိသော အရည်အသွေးမြင့်မားသည့် ပစ္စည်းများကို No. F2 to 6, 1st Floor အောင်ဆန်းအားကစားပြိုင်ကွင်း မြောက်ဘက်တန်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၇၃၀၈၄၈၄၀၊ ၇၃၀ ၈၄၈၄၁၊ ၇၃၀ ၈၄၈၄၂ နှင့် အမှတ်(၄၇၂) (၈၂)လမ်း (၃၄)လမ်းနှင့် (၃၅)လမ်းကြား မန္တလေးမြို့၊ ဖုန်း-၀၂-၃၆၈၂၆ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(ကြာသပတေးနေ့-နံနက်-နေ့လယ်-ည)

၂-၁၂-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် (မောရသုတ်နှင့် ဂုဏ်တော်ကွန်ချာ) ဓမ္မပူဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	လောကနီတိအသိရှိစေဖို့ (စိတ်အားသတ္တိ)
၈း၃၅	တေးပဒေသာ
၁၀း၀၀	မင်္ဂလာလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅	ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (မျိုးကျော့မြိုင်)
၁၁း၄၅	သိပ္ပံပညာသိကောင်းစရာ (လေယာဉ်ပေါ် အရေးပေါ် ဆေးကုသပေးမည့်ကိရိယာ)
၁၁း၅၅	တေးသီချင်း
၁၂း၀၀	စံတော်ချိန် ဇာနည်စစ်သည်တေးပန်းချီ
၁၂း၂၀	ယဉ်ကျေးမှုအနုပညာ (အုန်းသီး၊ အုန်းပင်နှင့် မြန်မာ့လူ့အဖွဲ့အစည်း)
၁၂း၃၀	Music Talk တေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	အမှတ်တရတေးလက်ဆောင်
၅း၁၀	ဘဝတစ်ကွေ့အတွေ့အကြုံ (သီရိဂေဟာဖြစ်ကြစေဖို့) တေးပဒေသာ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	ရေဒီယိုဇာတ်လမ်းတွဲ (အကြင်နာလျှို့ဝှက်ခန်း)(အပိုင်း-၁)
၆း၀၀	ညနေခင်းသတင်း
၆း၁၀	ညနေခင်းတေးပဒေသာ
၆း၂၅	ကျေးလက်ဇာတ်လမ်း(သိသွားပြီ)
၆း၄၅	ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၇း၀၀	နိုင်ငံတကာသတင်း
၇း၀၅	ညချမ်းချိန်ခါတေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၇း၃၀	သုတစုံကြွယ်သိစေဖွယ် (ကမ္ဘာတစ်လွှားတစ်သက်တာ မမေ့ရက်နိုင်စရာနေရာများ)
၇း၄၀	ရေဒီယိုအတိုတိုတေးအရိပ်
၈း၀၀	ပြည်တွင်းသတင်း
၈း၂၀	ချမ်းမြေ့သာယာသီရိဂေဟာ (လျှာနဲ့သွား)
၈း၅၀	(နိုင်ငံတော်ဆိုင်းအဖွဲ့ရဲ့ ဆောင်းရာသီတီးကွက်ဆန်း) စီးပွားရေးဦးတည်ချက်
၉း၀၀	ဆောင်းပါး (တုတ်တစ်ချောင်း၏ အတ္ထုပ္ပတ္တိ)
၉း၀၅	ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးလုပ်ငန်းများဖြစ်သော ကျောက်ပန်းတောင်း လမ်းဘေးပလက်ဖောင်းလုပ်ငန်းဆောင်ရွက်နေမှုအား မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော် ကွင်းဆင်းစစ်ဆေးရာ အဖွဲ့အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကရင်ပြည်နယ် ဒေသကောလိပ်နှင့် ဘားအံကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်မည်

ဘားအံ ဒီဇင်ဘာ ၁

ကရင်ပြည်နယ် ဒေသကောလိပ်နှင့် ဘားအံကောလိပ်(၁၉၈၁-၈၇)ခုနှစ်အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများက (၁၉၈၁-၈၇)ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့သော ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများအား ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ ကန်သာဦးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် အလှူငွေပါဝင်လှူဒါန်းလိုသူ ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ကိုအောင်တင်ထူး ဖုန်း-၀၉-၅၆၆၀၇၀၆၊ ကိုခင်ရှိန် ဖုန်း-၀၉-၅၆၆၂၁၀၉၊ ကိုသိန်းနိုင် ဖုန်း-၀၉-၈၇၃၀၂၁၀၊ ကိုသန်းနိုင် ဖုန်း-၀၉-၈၇၃၀၂၆၇၊ ကိုမြင့်ဝေ ဖုန်း-၀၅၈-၄၀၆၇၈၊ ကိုနေဆန်း ဖုန်း-၀၅၈-၄၀၂၆၃၊ ကိုထွန်းလွင် ဖုန်း-၀၅၈-၄၀၃၇၉၊ ကိုစိုးသိန်း ဖုန်း-၀၅၈-၄၀၆၂၁၊ ကိုတင်ထွန်း ဖုန်း-၀၉-၅၆၇၀၂၇၅၊ ကိုကျော်စိုး ဖုန်း-၀၉-၅၁၃၄၁၅၅၊ ကိုတာ ဖုန်း-၀၉-၅၁၁၇၁၂၄၊ နော်သဇင်ကျော် ဖုန်း-၀၉-၅၁၇၆၃၆၀ နှင့် ကိုတိုးကျော် ဖုန်း-၀၁-၅၄၂၆၉၅၊ ၀၉-၂၀၃၃၇၂၀ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

(၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားများ ရန်ကုန်မြို့ရှိ အခြေခံပညာကျောင်းများ၌ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁

၂၀၁၀ ခုနှစ် (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျင်းပကြရာ ပညာရေးနက်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(ဧကောက်မြန်မာပြည်) အမှတ်(၃)အခြေခံပညာဦးစီးဌာနနှင့် အမှတ်(၁)အခြေခံပညာဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ကျောင်းအကျိုးတော်ဆောင် နာယကများနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ၊ ဆုရကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

(၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားကို နံနက် ၈ နာရီတွင် ရန်ကုန်မြို့၊ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(မြို့မကျောင်း)ရှိ ဦးဘလွင်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက ပြည်မြန်မာသီချင်းဖြင့် ဂုဏ်ပြုသီဆို ကပြဖော်ပြကြပြီး အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထိမ့ ပေးပို့သော (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို ဒဂုံမြို့နယ် ဥက္ကဋ္ဌ ဦးခင်မောင်ဦးက ဖတ်ကြားသည်။

ယင်နောက် ဒဂုံမြို့နယ် အမှတ်(၂) နှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတို့မှ ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထိမ့ ပေးပို့သော (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို ပန်းဘဲတန်းမြို့နယ်ဥက္ကဋ္ဌ ဦးတင်မျိုးအောင် ဖတ်ကြားစဉ်။ (ကြေးမုံ)

ဆုများချီးမြှင့်ကြပြီး အလှူငွေများ ပေးအပ်လျှက်နိုးကြကာ မြို့မစိန်ရတု ပညာရေးဌေးဒေသာပင် ဘဏ္ဍာထိန်း အဖွဲ့နာယကတစ်ဦးက ကျေးဇူးတင် စကားပြောကြား၍ ကျောင်းသား၊ ကျောင်းသူလေးများက ဇာတိမာန် သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားကို နံနက် ၉ နာရီတွင် လသာမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိ ဗဟိုစ်ပြခန်းမဆောင်၌ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက ပြည်မြန်မာသီချင်းကို ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထိမ့ ပေးပို့သော (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို လသာမြို့နယ်ဥက္ကဋ္ဌ ဦးစိုးဝင်းက ဖတ်ကြားပြီး အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ပန်းခြီပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား အမှတ်(၃)အခြေခံ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြကာ ကျောင်းသား၊ ကျောင်းသူများက ဇာတိမာန်သီချင်းကို ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့အတူ (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားကို နံနက် ၉ နာရီတွင် ပန်းဘဲတန်းမြို့နယ် အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်း ဇကရိခန်းမ ၌ကျင်းပရာ ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက ပြည်မြန်မာသီချင်းကို ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထိမ့ ပေးပို့သော (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို ပန်းဘဲတန်းမြို့နယ် ဥက္ကဋ္ဌ ဦးတင်မျိုးအောင် ဖတ်ကြားပြီး အမျိုးသားနေ့ အထိမ်းအမှတ်စာစီစာကုံးနှင့် ကဗျာ ပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများ၊ ဆုများချီးမြှင့်ကြပြီး ကျောင်းသား၊ ကျောင်းသူများ ဇာတိမာန်ကိုယ်ပြ ကပြကို ကြည့်ရှုခဲ့ကြကာ ဇာတိမာန်ကို ဂုဏ်ပြုသီဆို ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာ ပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများ၊ ဆုများချီးမြှင့်ကြပြီး ကျောင်းသား၊ ကျောင်းသူများ ဇာတိမာန်ကိုယ်ပြ ကပြကို ကြည့်ရှုခဲ့ကြကာ ဇာတိမာန်ကို ဂုဏ်ပြုသီဆို ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာ ပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများ၊ ဆုများချီးမြှင့်ကြပြီး ကျောင်းသား၊ ကျောင်းသူများ ဇာတိမာန်ကိုယ်ပြ ကပြကို ကြည့်ရှုခဲ့ကြကာ ဇာတိမာန်ကို ဂုဏ်ပြုသီဆို ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထိမ့ ပေးပို့သော (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို လမ်းမတော်မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဆင့် ဖတ်ကြားစဉ်။ (သတင်းစဉ်)

(၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို ကြည့်မြင်တိုင် မြို့နယ် အထက(၁)မြတ်ရည်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထိမ့ ပေးပို့သော အမျိုးသားနေ့သဝဏ်လွှာ ကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ရဲသွေး ဖတ်ကြားစဉ်။ (၅၄)

အောက်ပိုင်းဒေသများ ညအပူချိန် အနည်းငယ်ပိုနိုင်

နေပြည်တော် ဒီဇင်ဘာ ၁

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုမိုခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့တွင် ၅ ဒီဂရီစင်တီဂရိတ် တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်မှာ** ကော့သောင်းမြို့တွင် သုည ဒသမ ၂၇ လက်မဖြစ်သည်။

ဘဂ်လားပင်လယ်အော်အခြေအနေ။ ။ ဘဂ်လားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပွလီပင်လယ်ပြင်နှင့် ကျန်ဘဂ်လားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဒီဇင်ဘာ ၂ ရက် ညနေထိခန့်မှန်းချက်။ ။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အသင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမ၊ မွန်-တနင်္သာရီ ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံအရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်ပိုနေမည်။

နေပြည်တော်နှင့် အနီးတစ်ပိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။
ရန်ကုန်မြို့နှင့် အနီးတစ်ပိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။
မန္တလေးမြို့နှင့် အနီးတစ်ပိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထိမ့ ပေးပို့သော (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို လမ်းမတော်မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဆင့် ဖတ်ကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထိမ့ ပေးပို့သော (၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို လမ်းမတော်မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဆင့် ဖတ်ကြားစဉ်။ (သတင်းစဉ်)

နိုဝင်ဘာ ၂၇ ရက်က ကျင်းပသည့် အခွင့်အလမ်းဂျာနယ် ထုတ်ဝေခြင်း (၅)နှစ်ပြည့်အထိမ်းအမှတ် Seminar တွင် အခွင့်အလမ်းဂျာနယ် တာဝန်ခံ အယ်ဒီတာ မောင်သန်းစိုး(DMA) ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

ဆည်မြောင်းစီမံကိန်းများတွင် ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ဒုတိယအကြိမ် စာတမ်းဖတ်ပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက ကြီးမှူးကျင်းပသော ဆည်မြောင်းစီမံကိန်းများတွင် ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ဒုတိယအကြိမ် စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၉ ရက် နံနက် ၈ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွဋ်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေးများမှ ညွှန်ကြားရေးမှူးများ၊ အင်ဂျင်နီယာများ၊ စာတမ်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွဋ်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးက အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအုန်းမြင့်က အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသည့် စာတမ်းရှင်များ၊ ကျွမ်းကျင်ပညာရှင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ဆည်မြောင်းဦးစီးဌာနနှင့် ပြင်ပစီးပွားရေးကုမ္ပဏီများ၏ ဆည်မြောင်းစီမံကိန်းအထောက်အကူပြုပစ္စည်းများ ပြခန်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် စာတမ်းဖတ်ပွဲကို အစည်းအဝေးခန်းမ၌ ကျင်းပရာ စာတမ်းရှင်များက ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ စာတမ်း ၁၀ စောင်ကို ဖတ်ကြားခဲ့ကြသည်။

စာတမ်းဖတ်ပွဲ ဒုတိယနေ့ကို နိုဝင်ဘာ ၃၀ ရက်တွင် ဆက်လက်ကျင်းပရာ စာတမ်းရှင်များက ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ စာတမ်း ၁၃ စောင်ကို ဖတ်ကြားတင်သွင်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး ဆည်မြောင်းစီမံကိန်းများတွင် ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ဒုတိယအကြိမ် စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

Golden Arrow Photo Studio & Video Service ဆိုင်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁

ဓာတ်ပုံထင်လင်း (GOLDEN ARROW) Hon-MPS, FMPS, PMPS ဦးစီးသော Golden Arrow Photo Studio & Video Service ဆိုင်သစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှမ်းလမ်း(ဗဟိုလမ်းမကြီး) အမှတ်(၅၇) Bldg A/G1 မြေညီထပ်၌ ကျင်းပရာ မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ ဓာတ်ပုံပညာရှင်များ၊ ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင်များ၊ ဓာတ်ပုံဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဦးဖေမြင့်ဦး Hon- MPS, FMPS, ARPS၊ ဦးမိုးမင်း Hon- MPS, FMPS, ARPS, APSS နှင့် Golden Arrow ဆိုင်ပိုင်ရှင် ဦးထင်လင်းတို့က Golden Arrow Photo Studio & Video Service ဆိုင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

Golden Arrow Photo Studio & Video Service မှ စီးပွားရေးကြော်ငြာ၊ ကုန်ပစ္စည်းကြော်ငြာများ ရိုက်ကူးပေးခြင်း၊ Graduate အလှပုံများ၊ Model အလှပုံများ၊ မိသားစုပုံကြီးများ၊ အလှူမင်္ဂလာ၊ မွေးနေ့မှတ်တမ်းရိုက်ကူးခြင်း၊ မင်္ဂလာဆောင်မှတ်တမ်း ရိုက်ကူးခြင်း၊ ဗီဒီယိုမှတ်တမ်း၊ ဒီဗွီဒီ၊ ဗွီစီဒီ ရိုက်ကူးခြင်း၊ Frame အမျိုးမျိုးဖြင့် ဘောင်သွင်းပေးခြင်း၊ Vinly အလှပုံများ ဒီဇိုင်းပြုလုပ်ပေးခြင်း၊ Wedding Album၊ Graduate Album၊ Model Album၊ Children Photo Album များ၊အလှပုံများ ရိုက်ကူးပေးခြင်း အစရှိသော လုပ်ငန်းများကို တစ်နေရာတည်းတွင် ပြီးပြည့်စုံအောင် ဆောင်ရွက်ပေးမည် ဖြစ်သည်။

Golden Arrow Photo Studio & Video Service နှင့် ဆက်သွယ်ဆောင်ရွက်လိုလျှင် အမှတ်(၅၇) Bldg A/G1 မြေညီထပ် ရှမ်းလမ်း (ဗဟိုလမ်းမကြီး) စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၁၄၀၈၄ နှင့် ၀၉-၈၀၃၀၂၆၈ ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကြေးတိုင်နှင့်မြေစာရင်း ခေတ္တညွှန်ကြားရေးမှူးချုပ် စံပြစိုက်ပျိုးရေးအထူးဇုန်အတွင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၁

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမန်းစိုးဟန်သည် ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်များရှိ ခေတ်မီစက်မှုလယ်ယာ စံပြစိုက်ပျိုးရေး အထူးဇုန်များအတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီ ၁၅ ခုတို့မှ တာဝန်ရှိသူများနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ ရွှေနဂါးမင်းကုမ္ပဏီ ရှင်းလင်းဆောင်၌ တွေ့ဆုံ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့သော မြေဧရိယာ ၉၇၂၃ ဒသမ ၆၆ ဧကပေါ်၌ တည်ဆဲမြေယာဥပဒေ မူဘောင်များနှင့်အညီ စံပြလယ်ယာများ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်းထက် ကျော်လွန်ထွက်ရှိရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားပြီး လုပ်ငန်းရှင်များက လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ပြန်လည်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမန်းစိုးဟန် ဒဂုံမြို့သစ်မြို့နယ် ခေတ်မီစက်မှုလယ်ယာစံပြစိုက်ပျိုးရေး အထူးဇုန်များအတွင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမှာကြားစဉ်။(သတင်းစဉ်)

ဝန်ကြီး ဦးညဏ်ဝင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၂

၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် (၃၅)နှစ်မြောက် နှစ်ပတ်လည်အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ထောင်လွန်းဆီဆုလစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၁၂-၂၀၁၀ (ကြာသပတေးနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ဓမ္မဂီတ
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "စိတ်ကိုနိုင်မှနိဗ္ဗာန်ရ" တရားတော် (ရွှေဘိုဆရာတော် အရှင်ဩဘာသ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၉၂)**
- ၇း၃၀ **MRTV-4 သတင်း**
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၅၉)**
- ၈း၄၀ HIV/AIDS ရောဂါကာကွယ်တိုက်ဖျက်ရေး(အပိုင်း-၂) (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာဝင်းမောင်၊ ဒေါက်တာခင်ဥမ္မာစံ၊ ဒေါက်တာတင်အောင်စော၊ ဒေါက်တာလှမြင့်)
- ၉း၀၀ Activities In The City
  - မြန်မာနိုင်ငံမျက်စိဆရာဝန်အသင်းညီလာခံဖွင့်ပွဲ အခမ်းအနား
  - ရခိုင်ပြည်နယ်ရှိဂီရိမုန်တိုင်းသင့် ပြည်သူများအတွက် အလှူငွေလှူဒါန်းပွဲ အခမ်းအနား
- ၉း၂၅ လေ့ကားသုံးထစ်ဆင်းတဲ့အခါ (မင်းသူ၊ အရိုင်း၊ အေးသီတာ)
- ၉း၃၅ Science For All (ကော်ဖီရဲ့သမိုင်းစဉ်) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
- ၁၀း၀၀ Make In A Delisous Way (German မုန့်မွဲမက်ဖွယ်ရာ အစားအစာများ)
- ၁၀း၂၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "ကျောက်စက်ရေ"
- ၁၀း၅၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁း၁၅ The Champion of Dance
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၅ မြန်မာကိုးရီးယားချစ်ကြည်မှု အနုပညာ
- ၁၂း၄၀ "အုတ်ဖိုမြို့မှ ပီတိအပြုံးပန်းများ"
- ၁း၀၀ "စိတ်ကိုနိုင်မှနိဗ္ဗာန်ရ" တရားတော် (ရွှေဘိုဆရာတော် အရှင်ဩဘာသ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Quiz Idol [အထက(၁)ဒဂုံ၊ အထက(၄)တာမွေ]
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၉၂)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၅၉)**
- ၄း၄၅ ဝိစာရမှ ပဲဘုရင် မတ်ပဲအထွက်အထူးအောင်မြင်
- ၅း၀၅ ဓာတ်ပုံထဲမှအမှတ်တရများ (ဝေလျှံ)
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ကြံခင်းမြို့မှမြတ်ဆရာပူဇော်ပွဲ
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၉၃)**
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း (မြို့မှာနေတာကောင်းတယ်၊ တောမှာနေတာကောင်းတယ်)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၆၀)**
- ၁၀း၁၀ အနုပညာမိုးကောင်းကင်
- ၁၀း၃၀ သာယာငြိမ်းချမ်းစိမ်းလန်းဝေစည် ငွေတောင်ပြည်
- ၁၁း၀၀ ဂီတသရုပ်ပြခန်း (သျှီ-ဂန္ထဝင်စကား)
- ၁၁း၃၀ မှိုအသားမျှင်တစ်သျှူးမျိုးပွားနည်း
- ၁၁း၅၀ Box Office Movies (Avator)
- ၁၂း၁၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (အရသာချိုချို ရေခဲမုန့်ပြုလုပ်နည်း)
- ၁၂း၂၀ လှပသစ်ဆန်းအလှပြင်ခန်း (Lilawadee Spa)
- ၁၂း၄၀ ဇီဝမျိုးစုံမျိုးကွဲပြတိုက် (လှော်ကားဥယျာဉ်)
- ၁၂း၅၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာသက်နှင်းအေးနှင့် တွေ့ဆုံခြင်း)
- ၁း၁၀ ရွှေတိုင်းမြို့မှဂုဏ်တင့်စေရာ ကြိမ်လက်မှုအနုပညာ
- ၁း၂၀ ဘဝများ (ဂီတပညာရှင် နိုင်ဇော်၏ဘဝ)
- ၁း၅၀ ဖန်ဆင်းရေးခြယ် လက်ရာအသွယ်သွယ်
- ၂း၂၅ ကယ်တင်ကြစို့တို့ကမ္ဘာ
- ၂း၃၅ လှပချစ်စရာလက်မှုအနုပညာ (Candy Brown)
- ၃း၀၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄း၂၅ မြန်မာစာ၊ မြန်မာစကား
- ၄း၄၀ (Man and The Elephant) **(အပိုင်း-၁)**
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဒီဇင်ဘာလထုတ် မြဝတီမဂ္ဂဇင်းထွက်ပြီ

ရန်ကုန် ဒီဇင်ဘာ ၁

ဒီဇင်ဘာလထုတ် မြဝတီမဂ္ဂဇင်းတွင် မောင်စိမ်းနောင်(လယ်ဝေး)၊ မောင်ဟေမာ၊ မောင်မိုးယံ၊ ဌေးသီလွင်(ပရိမ္မ)၊ ခြိမ့်နိုင်၊ ရဲမြင့်နောင်၊ ဘုန်းမော်(ဥက္ကာကျော်)၊ ကျော်စွာသူ(သာယာဝတီ)တို့၏ ကဗျာများ၊ ငွေကြည်၊ တင်အောင်နီ၊ မြေဇာ၊ ဟန်ဇော်စိုး၊ စောဟန်၊ လုံးကြီးတင်၊ ကိုငယ်တို့၏ တစ်မျက်နှာကာတွန်းများ၊ ညောင်ဦးဖိုးချိုနှင့် စစ်ငြိမ်းပန်းတို့၏ ဓာတ်ပုံအကြောင်း သိကောင်းစရာဆောင်းပါးများ၊ တက္ကသိုလ်တင်ခ၊ ဒေါက်တာကောင်းမြတ်၊ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၊ ချစ်စံဝင်း၊ မောင်ခင်မင်(ဓနုဖြူ)၊ ပီကျော်ဟန်၊ ကျော်ဇေဟိန်း(ဒေါပုံ)၊ ကိုရဲ၊ ဂွမ်းဖြူဇင်၊ လှဘုန်းအောင်၊ ရဲမာန်ခ၊ ထွန်းလှိုင်၊ ဗိုလ်ကလေးတင့်အောင်၊ တက္ကသိုလ်သျှင်သီရိ၊ မျိုးမင်း၊ စံ-ဇာဏီဘိုတို့၏ သုတရသနှင့် ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ဆလိုင်းစျင်အောင်၊ ပျဉ်းမနားမြင့်လှိုင်၊ မင်းယုဝေ၊ နော်လမင်းတို့၏ ခံစားမှု ရသစုံဝတ္ထုတို့ကို ဖတ်ရှုရမည်ဖြစ်သည်။

မြဝတီမဂ္ဂဇင်းကို အမှတ်(၁၈၀) (၃၂)လမ်းအထက် ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၂၄၄ နှင့် အမှတ်(၁၅)တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅)ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၅၉၂၇၃ သို့ ဆက်သွယ်မှာကြား ဝယ်ယူဖတ်ရှုနိုင်ကြောင်းနှင့် စာဖတ်သူထံ VPP အရောက်ပို့စနစ်ဖြင့်လည်း ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထွန်းဟောင်ဒေးရှင်းမှ စတုတ္ထအကြိမ် ပန်းချီပြပွဲ၊ ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁

မြန်မာ့ပန်းချီ အနုပညာကို ပြည်သူများခံစားသိရှိပြီး နိုင်ငံတကာနယ်ပယ်တွင် ပေါ်လွင်ထင်ရှားလာစေရန်၊ ထူးချွန်ထက်မြက်သော မျိုးဆက်သစ် ပန်းချီပညာရှင်များ ပေါ်ထွက်လာရန်၊ ပန်းချီအနုပညာဖြင့် မြန်မာတို့၏ ယဉ်ကျေးမှုဂုဏ်ဒြပ်ကို ပိုမိုထွန်းပြောင်လာစေရန် ခေတ်ပြိုင်ပန်းချီပညာများကို တိုးတက်ဖွံ့ဖြိုးလာစေရန် ရည်ရွယ်ချက်များဖြင့် ထွန်းဖောင်ဒေးရှင်းက စီစဉ်ကျင်းပ၍ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)က ပါဝင်ကူညီသည့် စတုတ္ထအကြိမ်မြောက် Best Paintings of the Year 2010 ပန်းချီပြိုင်ပွဲပြပွဲကို ဒီဇင်ဘာ ၁၁ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံမှ အကဲဖြတ်ပညာရှင်များနှင့် ပြည်ပမှ ပန်းချီပညာရှင်များက အကဲဖြတ်ပေးမည်ဖြစ်ပြီး ပထမဆုအဖြစ် ကျပ်သိန်း ၃၀၊ဒုတိယဆု ကျပ် ၂၅သိန်း၊ တတိယဆု ကျပ်သိန်း ၂၀၊ စတုတ္ထဆု ကျပ် ၁၅ သိန်း၊ အထူးဆုတစ်ဆုလျှင် ကျပ် ၁၀ သိန်းစီဖြင့် ချောက်ဆုချီးမြှင့်မည်ဖြစ်သည်။ ဆုအားလုံးတွင် ငါးမူးသားရွှေဆွဲပြားတစ်ပြားစီ ပူးတွဲချီးမြှင့်မည်ဖြစ်သည်။

ပန်းချီကားများကို လက်ခံနေပြီဖြစ်ရာ ထပ်မံပေးပို့လိုသူများအနေဖြင့် (၅၃/၆၁) သိမ်ဖြူလမ်းနှင့် ကမ်းနားလမ်းထောင့် ဗိုလ်တထောင်မြို့နယ်သို့ ပေးပို့နိုင်ပြီး ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို) ဗိုလ်ချုပ်အောင်ဆန်းဈေး(အရှေ့ဘက်တန်း) ဖုန်း-၃၈၅၂၅၉။ ၀၉၅၀၄၃၀၈၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှု တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေး ကြည့်ရှုအားပေး

နေပြည်တော် ဒီဇင်ဘာ ၁

တနသ်ာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စုပေါင်းသန့်ရှင်းရေးလုပ်အားပေးပွဲကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကျင်းပရာ တနသ်ာရီတိုင်းဒေသကြီးအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ခင်မောင်ဌေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးလုပ်အားပေးပွဲတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် မြိတ်တပ်နယ်မှ တပ်မတော်သားများ စုပေါင်းပါဝင်ဆောင်ရွက်ကြသည်။

ယင်းနောက် တိုင်းမှူးသည် တိုင်းခန်းမ၌ကျင်းပသော ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက တိုင်းစစ်ဌာနချုပ် စစ်တီးဝိုင်းတပ်စု၏ သရုပ်ပြဖျော်ဖြေမှုများနှင့် ပြိုင်ပွဲပထမနေ့ပွဲစဉ်များ ယှဉ်ပြိုင်မှုများ၊ မြန်မာ့ရိုးရာ လက်ဝှေ့ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျိုက္ခမီအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁

ကျိုက္ခမီအသင်း (ရန်ကုန်) ၏ (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချန်ဆုပေးပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂ ရက် (တနင်္ဂနွေ) နံနက် ၈ နာရီခွဲတွင် လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်ဝင်း ကျိုက္ခမီတိုက်ကျောင်း၌ ကျင်းပမည်ဖြစ်၍ အသင်းဝင်များနှင့် မြို့နယ်သူ၊ မြို့နယ်သားများ ကြွရောက်ကြပါရန်နှင့် အသက်(၇၅)နှစ်ပြည့် ဘိုးဘွားများနှင့် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၏ အမည်စာရင်းကို နာယက ဒေါ်ခင်ရီ ဖုန်း-၂၅၃၄၄၀၊ ဥက္ကဋ္ဌ ဦးအောင်ထွန်း ဖုန်း-၅၆၄၂၄၁၊ ဒုတိယဥက္ကဋ္ဌ ဦးလွင်သိန်း ဖုန်း-၅၇၁၁၆၁၊ အတွင်းရေးမှူး ဦးမြသောင်း ဖုန်း-၇၀၀၂၃၃ နှင့် ပညာရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်ကြွယ် (ကုဋ္ဌေကြွယ်စတိုး) ဖုန်း-၂၉၄၄၇၈ တို့ထံ ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထားပေးပို့ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငွေလှူဒါန်း

တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်) ၏ အသင်းတိုက်ဝယ်ယူဆောက်လုပ်ရန်အတွက် ကြံခိုင်ရေးလမ်း ၅ ရပ်ကွက် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်နေ ဦးမောင်မောင်ကြီး၊ သားမောင်မြင့် သန်း(ခ)သိန်းမင်း၊ သမီး မသန်းသန်းဌေး၊ မခင်မျိုးဌေး၊ မောင်ခင်ထွေး၊ မစမ်းစမ်းဝင်း၊ ကိုထွေးရီ၊ မဇင်မာကြည်မိသားစုက လှူဒါန်း ငွေ ၁၅၅၅၅၅ ကျပ်ကို ပေးအပ်လှူဒါန်းရာ နာယကဦးစံတင်၊ ဥက္ကဋ္ဌ ဦးထွန်းသိန်း၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်သာထွန်းနှင့် တွဲဖက်အတွင်းရေးမှူး ဦးသန်းထွန်းတို့ လက်ခံရယူစဉ်။

(ကြေးမုံ)

မော်တော်ဆိုင်ကယ် ရက်တိုယာဉ်မောင်းသင်တန်းဖွင့်

လယ်ဝေး ဒီဇင်ဘာ ၁

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲနှင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားရေးမှူးဦးစီးဌာန နေပြည်တော်ခရိုင်ရုံးနှင့် လယ်ဝေးမြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းမှုကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် မော်တော်ဆိုင်ကယ်ရက်တိုယာဉ်မောင်းသင်တန်း အမှတ်စဉ် (၆၄/၂၀၁၀)ကို နိုဝင်ဘာ ၂၆ရက်မှ ၂၈ ရက်ထိ လယ်ဝေးမြို့နယ် အေလာမြို့သစ် မူလတန်းလွန်ကျောင်း၌ ကျင်းပရာ လယ်ဝေးမြို့နယ် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းမှုကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်သောင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိန်၊ ဦးစီးအရာရှိ ဦးထွန်းထွန်းအုန်းနှင့် ဝန်ထမ်းများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများကို ပညာပေး ဟောပြောကြသည်။

သင်တန်းသို့ သင်တန်းသား ၂၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

(၁၁၈)

မင်းတုန်းမြို့နယ် ဆင်သေကျေးရွာ၌ မူလတန်းကျောင်း(ခွဲ) ဖွင့်ပွဲကျင်းပ

မင်းတုန်း ဒီဇင်ဘာ ၁

သရက်ခရိုင် မင်းတုန်းမြို့နယ် ပိန္ဒဲပင်အုပ်စု ဆင်သေကျေးရွာ၌ အခြေခံပညာမူလတန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၉ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်းမုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးထူးအောင်ကျော်ဟိန်နှင့် လက်ထောက်မြို့နယ် ပညာရေးမှူး ဦးမြင့်ကြည်တို့က အမှာစကားပြောကြားကြကြောင်းသိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

နိုဝင်ဘာ ၂၇ ရက်က ကျင်းပသည့် အလက(၄) သယ်နံးကျွန်းမြို့နယ်၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချန်ဆုပေးပွဲတွင် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲ (အလယ်တန်းအဆင့်) ပထမဆုနှင့် တန်းစဉ်အလိုက် ပညာရည်ချန်ဆုရရှိသည့် မဝေမာသူအား ကျောင်းအုပ်ဆရာကြီး ဦးလှဝင်း ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(ပညာရေး)

ဘီးလင်းမြို့ ကျွန်းတောလမ်း ကတ္တရာထပ်ပိုးလွှာခင်း

ဘီးလင်း ဒီဇင်ဘာ ၁

ဘီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့်ဘီးလင်းမြို့ ကျွန်းတောလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းကို နိုဝင်ဘာ ၇ ရက်က အင်ဂျင်နီယာမှူး ဦးမြင့်ဇော် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးရဲဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်ခိုင်လွင်လွင်အောင်တို့က ရှင်းလင်းတင်ပြကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ကြူကုတ် (ပန်ဆိုင်း)မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဈေးလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းအတွက် လမ်းခင်းကျောက်များစုဆောင်းထားရှိမှု အခြေအနေကို ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းမြင့် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အမြို့မြို့အနယ်နယ်တွင် ဖွံ့ဖြိုးစည်ပင်



လားရှိးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လားရှိး-မိုင်းကျိုင်းကျေးလက် ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ရှမ်းပြည်နယ် (မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအုန်းလွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး) ဦးဇော်ဝင်း ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အမှတ် (၁၄)ရပ်ကွက် သဇင်လမ်း အလျား ပေ ၃၄၉၀၊ အနံ ၁၂ ပေ ကျောက်ချောခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်နီနီအောင် ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် အင်ဂျင်နီယာမှူး ဦးဇော်မျိုးထွေးတို့ ကွင်းဆင်းကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)



မိုးကောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့တွင်းလမ်းများ ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဇော်ဦးတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ချစ်နိုင်(စိတ်ပညာ)၏ အချိန်ကိုအသုံးချနည်း စာအုပ်သစ်ထုတ်ဝေ

ရန်ကုန် ဒီဇင်ဘာ ၁

ဆရာချစ်နိုင်(စိတ်ပညာ)၏ အချိန်ကို အသုံးချနည်း စာအုပ်သစ်တစ်အုပ်ထွက်ရှိလာသည်။ **(ယာပုံ)**

ဆရာချစ်နိုင်(စိတ်ပညာ)၏ အချိန်ကို အသုံးချနည်းဟူသော ဆောင်းပါးအပါအဝင် စိတ်ဝင်စားစရာကောင်းသော ခေါင်းစဉ် ၂၃ ပုဒ်ကို ရွေးချယ်စုစည်းထားသည်။ တက်ကျမ်းသက်သက် သဘောမဟုတ်၍ သုတသာမက ရသပါအောင်ရေးဖွဲ့ထားသော ဆောင်းပါးများဖြစ်သည်။ စာရေးကောင်းခြင်း၊ ရှင်းလင်းခြင်းတို့အပြင် သူ၏စေတနာဖြူစင်ခြင်း၊ တရားမျှတစွာ ကြည့်မြင်သုံးသပ်တတ်ခြင်းတို့ကြောင့် ဖတ်ရန်အထူးသင့်တော်သည်။

ရန်ကုန်တိုင်းဒေသကြီး ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ်) အဖြစ် စေတနာ့ဝန်ထမ်း ပါဝင်ဆောင်ရွက် နေသူတစ်ဦး၏ ပညာလိုအိုသည်မရှိ၊ သီလရန်၊ တိုင်းပြည်တိုးတက်ဖို့တာဝန်၊ စိတ်လှသူစာဆိုမသေ၊ တန်ခိုးရှင်တောင်ဝင့်ကိုမရှောင်နိုင် စသည့် လက်ရာများသည် ချစ်သမီးမေလေးသို့ ပေးစာပုံစံ ရေးဖွဲ့ထားသော်လည်း စာဖတ်သူများကို စိတ်ခံစားမှု၊ စိတ်လှုပ်ရှား မှုပေးမည့်ရသအနုပညာများဖြစ်သည်။ နိုင်စာပေက ထုတ်ဝေသည်။

(သတင်းစဉ်)

တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁

၂၀၁၀ ခုနှစ် (၄၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ထားသည့် ဇုန်များ၌ ဆက်လက်ကျင်းပရာ (က)အုပ်စု ရပခဇုန် (တောင်ကြီး)၌ အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်အသင်းက ကြိုဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (ခ)အုပ်စု နတခဇုန်(ပုသိမ်)၌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းက အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန်(မုံရွာ)၌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းက အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ဂ)အသင်းကို ကိုးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (ဃ)အုပ်စု တပခဇုန် (တောင်ငူ)၌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (င)အုပ်စု ရကတဇုန်(ရန်ကုန်)၌ တပ်မတော်(လေ)အသင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (စ)အုပ်စု လပခဇုန်(မန္တလေး)၌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းက ကြိုဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (ခ)အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့

၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ (၃) ရက်

INTERNATIONAL DAY OF PERSONS WITH DISABILITIES

3rd December 2010

"Keeping the promise: Mainstreaming disability in the Millennium Development Goals towards 2015 and beyond"

(၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက ပုဇွန်တောင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပု ဖတ်ကြားစဉ်။

(ကြေးမုံ)

(၉၀)ပြည့်နှစ်မြောက်အမျိုးသားနေ့ အခမ်းအနားကို ဒီဇင်ဘာ ၁ ရက်က သန်လျင် အထက(၁) ပတ္တမြားခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော အမျိုးသားနေ့သဝဏ်လွှာကို သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမိုးခိုင်ထွန်း ဖတ်ကြားစဉ်။

(၅၂၇)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂-၁၂-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိအေးမင်္ဂလာတေး
- ၈း၀၀ ၆။ "သက်ရှည်ကျန်းမာ လေ့ကျင့်ပါ"
- ၈း၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား နိုးရာအက
- ၈း၁၀ ၈။ အတီးပြိုင်ပွဲ
- ၈း၂၀ ၉။ အကပဒေသာ
- ၈း၃၀ ၁၀။ "အမှန်ထင်နေသောအမှား"
- ၈း၄၀ ၁၁။ International News
- ၈း၄၅ ၁၂။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၄း၂၀ ၃။ တေးဂီတအစီအစဉ်
- ၄း၅၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ
  - ပထမနှစ် (ရူပဗေဒ၊ ဓာတုဗေဒ၊ သချိာ အထူးပြုများ) (ရူပဗေဒ)
- ၅း၀၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၀၅ ၆။ "အားကိုးအားထား"
- ၅း၂၅ ၇။ ရောင်စုံရေးသီတေးပန်းချီ
- ၅း၄၅ ၈။ "သိပ္ပံနှင့်သဘာဝ ပတ်ဝန်းကျင်" (Fresh) (ကုန်ထုတ်လုပ်မှု အကျိုးဆက် လှိုင်းဂယက်) (အပိုင်း-၁)
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၁။ ပျော်ရွှင်စေသောနေ့ရက်များ
- ၆း၃၅ ၁၂။ တေးဂီတအစီအစဉ်
- ၆း၅၀ ၁၃။ "၂၀၁၀ အာဆီယံဆူဇူကီးဖလား ဘောလုံးပြိုင်ပွဲ တိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ်" (မြန်မာအသင်းနှင့် ဗီယက်နမ်အသင်း)
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
  - ၁၅။ နိုင်ငံတကာသတင်းများ
  - ၁၆။ မိုးလေဝသအခြေအနေ
  - ၁၇။ "အစာလည်းဆေး၊ ဆေးလည်းအစာ" (အပိုင်း-၃)
  - ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (အပိုင်း-၆)**
  - ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၁၅)**
  - ၂၀။ အစီအစဉ်ပြီး၏။

ချန်ပီယံလိဂ် အနီကတ်အရှုပ်တော်ပုံအတွက် ယူအီးအက်ဖ်အေက ပြစ်ဒဏ်များ အသီးသီးချမှတ်

နီယွန် ဒီဇင်ဘာ ၁

ဥရောပဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီက ရီးယဲလ်မက်ဒရစ်အသင်း၊ အသင်း၏နည်းပြနှင့် ကစားသမားလေးဦးတို့အား ချန်ပီယံလိဂ် အုပ်စုပွဲစဉ်၌ ဖြစ်ပွားခဲ့သော အနီကတ်ပြစ်ဒဏ် အရှုပ်တော်ပုံတွင် အပြစ်ရှိကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ငွေဒဏ်နှင့် ပွဲပယ်ပြစ်ဒဏ်များ အသီးသီး ကျခံရန် ချမှတ်လိုက်သည်။

အဆိုပါဖြစ်ရပ်ကို ဖန်တီးသည်ဟု စွပ်စွဲခံထားရသူ အသင်းနည်းပြ မော်ရင်ဟိုမှာ ချန်ပီယံလိဂ်ပွဲစဉ်နှစ်ပွဲ ကြီးကြပ်ခွင့် ပိတ်ပင်ခံရမည်ဖြစ်ပြီး ပထမတစ်ပွဲအား အသင်းအတွက် အမှတ်မလိုတော့သည့် အော်ဇေးနှင့်ပွဲတွင် ကျခံရမည်ဖြစ်ကာ နောက်တစ်ပွဲအား ဆိုင်းငံ့ပြစ်ဒဏ် အနေဖြင့် နောင်သုံးနှစ်အတွင်း အလားတူ အပြစ်မျိုး ကျူးလွန်ပါက ကျခံရမည်ဖြစ်သည်။ ပွဲပယ်ပြစ်ဒဏ်အပြင် မော်ရင်ဟိုသည် ငွေဒဏ်အဖြစ် ယူရိုဂ၄၀၀၀ ကို လည်း ပေးဆောင်ရမည်ဖြစ်သည်။

အနီကတ်ပြစ်ဒဏ်များ ရည်ရွယ်ချက်ရှိရှိ ဖန်တီးရယူခဲ့သည်ဟု စွပ်စွဲခံထားရသော ရာမို့စ်နှင့် အလွန်ဆိုတို့နှစ်ဦးအား ငွေဒဏ် ယူရိုဂ၂၀၀၀၀စီ ပြစ်ဒဏ် ချမှတ်ခံရသည်။ မော်ရင်ဟိုထံမှ အမှာစကား လက်ဆင့်ကမ်းခဲ့ကြပြီး ထိုအရှုပ်တော်တွင် ပါဝင်သည်ဟု အစွပ်စွဲခံထားရသော အသင်းခေါင်းဆောင် ကာဆီး လက်စ်အား ယူရိုဂ၁၀၀၀၀ နှင့် အရန်ဂိုးသမား ဒူဒက်စ်အား ယူရိုဂ၅၀၀၀ ငွေဒဏ်များ ချမှတ်ခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့် လည်း ငွေဒဏ် ယူရိုတစ်သိန်းနှစ်သောင်း ပေးဆောင်ရမည်ဖြစ်ပြီး ထိုအပြစ်ဒဏ်များအတွက် သုံးရက်အတွင်း အယူခံဝင်နိုင်မည်ဖြစ်သည်။ **အင်တာနက်။**

ဇန်နဝါရီ အပြောင်းအရွှေ့ဈေးကွက်ဖွင့်ချိန်တွင် လူငယ်ကစားသမားသစ်များ ခေါ်ယူရန် ပြင်ဆင်နေသည့် မန်ယူနည်းပြ ဖာဂူဆန်။

ဇန်နဝါရီ အပြောင်းအရွှေ့တွင် လူငယ်ခြေတက်ကစားသမား နှစ်ဦးအား မန်ယူခေါ်ယူပွယ်ရှိ

မန်ချက်စတာ ဒီဇင်ဘာ ၁

အသင်း၏ လက်ရှိ သက်ကြီးကစားသမားများနေရာတွင် ငယ်ရွယ်ပြီး ပင်ကို စွမ်းရည်ထက်မြက်သည့် မျိုးဆက်တစ်ရပ်နှင့် အစားထိုးရန် မန်ချက်စတာယူနိုက်တက်အသင်းသည် အက်စတွန်ဗီလာနှင့် ဘလက်ဘန်းရိုဗာ အသင်းတို့မှ လူငယ်ကစားသမား နှစ်ဦးအား ပေါင် ၂၈ သန်းခန့် အသုံးပြုခေါ်ယူရန် စီစဉ်နေကြောင်း သိရသည်။

မန်နေဂျာဖာဂူဆန်က လာမည့်ဇန်နဝါရီလတွင် ကစားသမားသစ် ခေါ်ယူရန် လိုအပ်မည်မထင်ကြောင်း ပြောကြားခဲ့ဖူးသော်လည်း အသင်းအင်အားတောင့်တင်း လာစေရန်အတွက် အင်္ဂလန် ယူ-၂၁ လက်ရွေးစင် ကစားသမားများဖြစ်ကြသော အက်စတွန်ဗီလာမှ စီယာရင်က လက်ခ်နှင့် ဘလက်ဘန်းမှ ဖီးလ်ဂျူးတို့ကို ခေါ်ယူရန်စီစဉ်နေသည်ဟု သိရသည်။

အသက် (၂၁)နှစ်အရွယ် ကလက်ခ်သည် ခံစစ်အတွင်းလူအဖြစ်သာမက ကွင်းလယ်ခံစစ်နေရာတွင်ပါ ခြေစွမ်းပြ ကစားနိုင်ပြီး ဗီလာမန်နေဂျာ ဟူလီယာ၏ လက်ထက်တွင် ပုံမှန်ပွဲထွက်ခွင့် ရရှိနေသူဖြစ်သည်။ အသက် ၁၈နှစ်အရွယ် ဖီးလ်ဂျူးမှာလည်း ဖာဒီနန်၊ ဗီဒစ်တို့နေရာကို ဆက်ခံအစားထိုးနိုင်မည့် ကစားသမားဟု တစ်ပေးခံရပြီး အသင်းကြီးအတော်များများမှ ခေါ်ယူရန် မျက်စိကျခြင်းခံနေရသူဖြစ်သည်။ **အင်တာနက်။**

နိုင်ငံတကာအားကစားသတင်းများ

အဲဗာတန်အသင်းနှင့် လာရောက်ကစားမည်မဟုတ်ဟု ဘက်ခမ်းဆို

လန်ဒန် ဒီဇင်ဘာ ၁

အဲဗာတန် မန်နေဂျာ ဒေးဗစ်မိုရေးစ်၏ စိတ်ဝင်စားမှုကို ခံနေရသော်လည်း အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ခမ်းသည် အဲဗာတန်တွင် ကစားမည်မဟုတ်ကြောင်း သတင်းတစ်ရပ်က ဆိုသည်။

လွန်ခဲ့သောနှစ်နှစ် မေဂျာလိဂ်ပွဲစဉ်များ နားချိန်တွင် အီတလီကလပ် အေစီမီလန်အသင်း၌ အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ဖူးသည့် အသက် ၃၅ နှစ်အရွယ် ကွင်းလယ်ကစားသမားအား အသင်းအတော်များများက အလားတူ အငှားစာချုပ်မျိုးဖြင့် ခေါ်ယူရန် စိတ်ဝင်စားနေကြသည်။

အဲဗာတန်သို့ ပြောင်းဖြစ်မည်လားဆိုသည့် Sky Sports ၏မေးမြန်းချက်ကို ပြန်လည်ဖြေကြားရာတွင် မန်ယူအသင်း၏ ပရိသတ်တစ်ဦးအနေဖြင့် လည်းကောင်း၊ အသင်း၏ကစားသမားဖြစ်သည့်အတွက်လည်းကောင်း အသင်းအပေါ် မလေးစားရာရောက်မည့် ပြောင်းရွှေ့မှု ပြုလုပ်မည်မဟုတ်ဟု ဒေးဗစ်ဘက်ခမ်းက ပြောကြားခဲ့သည်။ **အင်တာနက်။**

စိုးတင့်နိုင်

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် စက်မှုဇုန်(၂) Lucky Industries Co., Ltd. မှ Mr. Yu Vinwu-Ms Chi Rui Yan မိသားစုက ထာဝရဆွမ်း ပဒေသာပင်၊ ဆေးပဒေသာပင်အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြို့သာယာလှပရေး ကွင်းဆင်းကြီးကြပ်ဆောင်ရွက်

ဘောလခဲ ဒီဇင်ဘာ ၁

ဘောလခဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် မြို့သာယာလှပရေးအတွက် ဧရာဝတီလမ်း ကတ္တရာလမ်းပေါက် ဖာထေးခြင်းလုပ်ငန်းအား အမှုဆောင်အရာရှိ ဦးမင်းဦးက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

အင် တာ နက် ပြ တိုက် သု တ သ တင်း

အာကာသ လွန်းပြန်ယာဉ်တစ်စင်း နယူးယောက်ရှိ ပြတိုက်တစ်တိုက်၌ ပြသဖွယ်ရှိ

နယူးယောက် ဒီဇင်ဘာ ၁

၂၀၁၁ ခုနှစ်တွင် အနားပေးမည့် အမေရိကန်အာကာသလွန်းပြန်ယာဉ်များအနက် လွန်းပြန်ယာဉ်တစ်စင်းကို ပြတိုက်တွင် ပြသခွင့်ရရှိရန် နယူးယောက်မြို့ရှိ ပြတိုက်တစ်တိုက်က ကြိုးပမ်းလျက်ရှိကြောင်း မြို့တော်တာဝန်ရှိသူများက နိုဝင်ဘာ ၂၉ ရက်တွင် ပြောကြားသည်။

သတ်မှတ်ထားသည့် သက်တမ်းကုန်ဆုံးသဖြင့် ပျံသန်းခြင်းမှ အနားပေးရန် စီစဉ်ထားသည့် အာကာသလွန်းပြန်ယာဉ်များအနက် လွန်းပြန်ယာဉ်တစ်စင်းကို ပြတိုက်တွင် ပြသနိုင်ရန် နယူးယောက်မြို့ရှိ အင်တာပစ် ပင်လယ်လေကြောင်းနှင့် အာကာသပြတိုက်က မျှော်မှန်းထားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အာကာသလွန်းပြန်ယာဉ်ဟောင်းများသည် မိမိတို့နိုင်ငံ၏ အာကာသရေးရာ သမိုင်းကြောင်းကို ညွှန်းဆိုလျက်ရှိကြောင်း၊ မိမိတို့၏ ပြတိုက်နှင့် အာကာသလွန်းပြန်ယာဉ်ကို ပြသခြင်းဖြင့် နေ့စဉ် လူအများအပြား လာရောက်လေ့လာခွင့်ရရှိမည်ဖြစ်ကြောင်း အဆိုပါပြတိုက်၏ အမှုဆောင်ညွှန်ကြားရေးမှူး ဆူဆန်မာရီနော့က ပြောကြားသည်။

အမေရိကန်အာကာသအေဂျင်စီ (နာဆာ)၏ လွန်းပြန်ယာဉ်များကို အနားပေးသည့်အခါ လွန်းပြန်ယာဉ်တစ်စင်းကို ပြတိုက်၌ ခင်းကျင်း ပြသနိုင်ရန် အများပြည်သူ၏ ထောက်ခံမှုရရှိရေးအတွက် ပြတိုက်တာဝန်ရှိသူများက စည်းရုံးလျက်ရှိသည်။

နာဆာက အသုံးပြုနေဆဲ လွန်းပြန်ယာဉ်သုံးစင်းဖြစ်သော ဒစ္စကာဗာရီ၊ အတ္တလန္တစ်နှင့် အင်ဒဲဗားလွန်းပြန်ယာဉ်များကို လာမည့်နှစ်တွင် အနားပေးရန် စီစဉ်ထားသည်။ ***အင်တာနက်။***

လာမည့်နှစ်တွင် ပျံသန်းခြင်းမှ အနားပေးမည့် ဒစ္စကာဗာရီ အာကာသလွန်းပြန်ယာဉ်ကို တွေ့ရစဉ်။
(ဓာတ်ပုံ - အင်တာနက်)

ဘာသာပြန် သတင်းလုလင်

တက္ကသိုလ်ဝင်စာမေးပွဲ အချိန်စာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၁

၂၀၁၁ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို အောက်ပါအချိန်စာရင်းအတိုင်း ကျင်းပမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်အဖွဲ့က ထုတ်ပြန်ကြေညာထားသည်-

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အချိန်စာရင်း

ရက်စွဲ	အချိန်	ဘာသာရပ်များ
(၁)	(၂)	(၃)
၇-၃-၂၀၁၁ တနလ်ာနေ့	နံနက် ၉ နာရီမှ ၁၂ နာရီအထိ	မြန်မာစာ
၈-၃-၂၀၁၁ အင်္ဂါနေ့	နံနက် ၉ နာရီမှ ၁၂ နာရီအထိ	အင်္ဂလိပ်စာ
၉-၃-၂၀၁၁ ဗုဒ္ဓဟူးနေ့	နံနက် ၉ နာရီမှ ၁၂ နာရီအထိ	သင်္ချာ
၁၀-၃-၂၀၁၁ ကြာသပတေးနေ့	နံနက် ၉ နာရီမှ ၁၂ နာရီအထိ	စိတ်ကြိုက်မြန်မာစာ
၁၁-၃-၂၀၁၁ သောကြာနေ့	နံနက် ၉ နာရီမှ ၁၂ နာရီအထိ	ဓာတုဗေဒ
၁၄-၃-၂၀၁၁ တနလ်ာနေ့	နံနက် ၉ နာရီမှ ၁၂ နာရီအထိ	ရူပဗေဒ
၁၅-၃-၂၀၁၁ အင်္ဂါနေ့	နံနက် ၉ နာရီမှ ၁၂ နာရီအထိ	{ ဇီဝဗေဒ သမိုင်း
၁၆-၃-၂၀၁၁ ဗုဒ္ဓဟူးနေ့	နံနက် ၉ နာရီမှ ၁၂ နာရီအထိ	ပထဝီဝင်
၁၇-၃-၂၀၁၁ ကြာသပတေးနေ့	နံနက် ၉ နာရီမှ ၁၂ နာရီအထိ	ဘောဂဗေဒ

(သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ
၁ - ၁၂ - ၂၀၁၀

ဟားခါး	၁ ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၅ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာ မိုးရေချိန်

၁ - ၁၂ - ၂၀၁၀

ကော့သောင်း

သုည ဒသမ ၂၇ လက်မ